The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.24, NO. 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 2, 2024

## ကမ္ဘာ့ကုန်သွယ်ရေး စကြိုသစ်များ
စာမျက်နှာ - ၁၀ ➢

## ပြည်ပဈေးကွက်ဝင် မြန်မာ့ကွမ်းသီးန
စာမျက်နှာ - ၁၂ ➢

## ပြည်ပပို့ကုန် အမယ်သစ် ရဲယိုထန်းရည် ရှလကာရည်
စာမျက်နှာ - ၂၈ ➢

# မကွေးတိုင်းဒေသကြီး၏ နှမ်းစိုက်ပျိုးထုတ်လုပ်မှုမှသည်

# ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးဆီသို့

စာမျက်နှာ - ၃၄ ➢





ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800



PROVEN
GROUP OF COMPANIES
PROVEN GROUP OF COMPANIES
TOYO
Battery Manufacturing
Renewable Energy
Lead Recycling
Plastic Injection and Blow Molding
Auto Parts and Lubricants Distribution
Investment
KEEPS YOU GOING . . .
CONTACT US:
NO. FIS-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON HOUSING , KAMAYUT TOWNSHIP, YANGON, MYANMAR
(POSTCODE - 11041 )
OFFICE NO.(+95-1)7 531 030 / 7 531 041/ 7 527 667
EMAIL : info@proven.com.mm
WEBSITE : www.proven.com.mm

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု သင်တန်းကျောင်း(ရန်ကုန်) တွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၉) သင်တန်းဆင်းပွဲအား ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးရုံး ပဉ္စမထပ်ရှိ ညီလာခံခန်းမ၌ ပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ကုန်သွယ်မှု လုပ်ငန်းများအတွက် ပို့ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးမှုအပါအဝင် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုစေ့စပ်ဆွေးနွေးညှိနှိုင်းရေး၊ စားသုံးသူကာကွယ်ရေး၊ မူပိုင်ခွင့်များမှတ်ပုံတင်ရေး၊ ကုန်သွယ်မှု ပညာပေးရေး စသည့်လုပ်ငန်းနယ်ပယ်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဗဟိုဘဏ်၏ မူဝါဒများနှင့်အညီ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလိုငွေများ မဖြစ်ပေါ်စေရေးအတွက် ပို့ကုန်များကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပြီး သွင်းကုန်များကိုလည်း နိုင်ငံတော်အတွက် အဓိကလိုအပ်သည့် ကုန်ပစ္စည်းများကို ဦးစားပေးခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကုန်သွယ်မှုသင်တန်းကျောင်းအနေဖြင့် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းများနှင့် အဆင့်မြင့်သင်တန်းများဖြင့် နိုင်ငံတကာ ကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ သီအိုရီသဘောတရားများ၊ လက်တွေ့လုပ်ငန်းများ၊ အလေ့အထ အတွေ့အကြုံများကို အသေးစိတ်သင်ကြားပို့ချပေးနေသော သင်တန်းကျောင်းဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဘာသာရပ်များကို စနေ၊ တနင်္ဂနွေတို့တွင် သင်တန်းချိန် တစ်နေ့ သုံးနာရီဖြင့် စာသင်ချိန် ၃၀ ရက်၊ နာရီ ၉၀ ခန့် ဟောပြောဆွေးနွေး ပို့ချခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကာလအတွင်း ကုန်သွယ်မှုဆိုင်ရာ သင်တန်းပို့ချချက်များနှင့် လက်တွေ့ကုန်သွယ်မှုလုပ်ငန်းခွင်တို့ ချိတ်ဆက်၍ ကုန်သွယ်မှု ဗဟုသုတများ သိရှိနားလည်နိုင်စေရန်အတွက် သီလဝါ အထူးစီးပွားရေးဇုန် (စီမံခန့်ခွဲမှုကော်မတီ)၊ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၊ Resources Group Logistic ကုမ္ပဏီ၊ KM terminal and Logistics ကုမ္ပဏီ၊ Hitachi Soe Electric and Machinery ကုမ္ပဏီ၊ ဝါးတန်းကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် Fame ဆေးဝါးစက်ရုံ (လှိုင်သာယာစက်မှုဇုန်) များသို့ လေ့လာရေးခရီးများ လက်တွေ့လေ့လာစေခဲ့သည်။

ထို့ကြောင့် ဤသင်တန်းသည် သင်တန်းသား၊ သင်တန်းသူများအတွက် သင်ယူတတ်မြောက်ထားသော ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ပိုင်းဆိုင်ရာ လုပ်ငန်းအကြောင်းများကို မိမိတို့၏ လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချနိုင်သဖြင့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း သင်တန်းဆင်း အမှာစကား ပြောကြားခဲ့သည်။ **TTI**

# အသေးစား၊ အလတ်စား ဒေသတွင်း တစ်ပိုင်တစ်နိုင် ထုတ်ကုန်များ

တောင်တွင်းကြီးမြို့သည် မကွေးမြို့မှ အရှေ့ဘက် ၅၁ မိုင်ကွာဝေးသည်။ ပေလေးပင် သျှင်လေးပါး ပေါ်ထွန်းသောမြို့ဟု မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားသည်။ တောင်တွင်းကြီးမြို့နယ်သည် တြိဂံပုံသဏ္ဌာန်ရှိ၍ မြေဩဇာ ထက်သန်ကောင်းမွန်သော လွင်ပြင်ဒေသများ ရှိသောကြောင့် မကွေးခရိုင်တွင် စပါးအများဆုံး ထွက်သောမြို့နယ်ဖြစ်သည်။ တောင်တွင်းကြီးမြို့သည် လယ်ယာစိုက်ပျိုးလုပ်ငန်းကို အခြေပြုသော မြို့ဖြစ်သည်။ မြို့နယ်တွင်း စိုက်ပျိုးရန် ကျယ်ပြန့်သော လွင်ပြင်များရှိပြီး အရှေ့ပဲခူးရိုးမမှ စီးဆင်းလာသော ရေများကို ဆယ်ဖို့၍ ရေသွင်းစိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ တောင်ကျချောင်းများ၊ သဲခုံများပေါ်တွင် ကြက်သွန်နီ စိုက်ပျိုးရေးလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်သည်။ အဓိက ထွက်ကုန်များမှာ ဆန်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ကြံနှင့် စားသုံးဆီအမျိုးမျိုးတို့ ဖြစ်သည်။



ယခုအခါ စီးပွားဖြစ်ထွန်း တိုးတက်လာသည်နှင့်အညီ မြို့နေ လူဦးရေမှာလည်း ထူထပ်လာသဖြင့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ တောင်တွင်းကြီးမြို့တွင်အထင်ကရအဖြစ် ပဲကြော်၊ ပဲလှော်လုပ်ငန်းများ၊ ဒေသတွင်း တစ်ပိုင်တစ်နိုင် မုန့်ထုတ်လုပ်သည့် လုပ်ငန်းများရှိရာ အိမ်တွင်းမုန့်လုပ်ငန်းတစ်ခုသို့ သွားရောက် လေ့လာခဲ့ရာ လုပ်ငန်းကို ၂၀၀၇ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် ကိတ်မုန့်၊ ပလိန်းကိတ်၊ ပဲလမုန့်၊ ရွှေပဲဝိုင်း၊ ပဲကိတ်၊ ပဲပေါင်မုန့်၊ ထောပတ်မုန့်ကြွပ်(ရိုး/ရှယ်)၊ ကိတ်ခြောက်များကို ထုတ်လုပ်လျက်ရှိကြောင်း၊ စုစုပေါင်း အမျိုးအစား ၁၂ မျိုးခန့် ထုတ်လုပ်ကြောင်း၊ အခြေခံကုန်ကြမ်းများအနေဖြင့် ဂျုံ၊ သကြား၊ ကြက်ဥ၊ ဆီ၊ ကုလားပဲတို့ဖြစ်ပြီး ဂျုံ၊ သကြားတို့ကို ရန်ကုန်၊ မန္တလေးတို့မှ မှာယူပြီး ကြက်ဥကို မြို့ပေါ်ရှိ ကြက်ဥဖြန့်ချိသည့် ကုမ္ပဏီမှ မှာယူကြောင်း၊ ဆီအနေဖြင့် စားအုန်းဆီကို အသုံးပြုပြီး ကုလားပဲကိုမူ မန္တလေးနှင့်ဒေသတွင်းမှ၌ပင် မှာယူကြောင်း သိရသည်။ လုပ်သားဦးရေအနေဖြင့် အမျိုးသား၊ အမျိုးသမီး အလုပ်သမားဦးရေ စုစုပေါင်း ၃၅ ဦးရှိပြီး လစာအနေဖြင့် တစ်ဦးလျှင် ကျပ် ၃၈၀၀၀၀ မှ ၄၀၀၀၀၀ အထိပေးကြောင်း သိရသည်။

ထုတ်လုပ်မှုအနေဖြင့် ပထမဆုံး ဆီ၊ ဂျုံ၊ ကြက်ဥ၊ သကြား၊ ရေတို့ကို သမအောင် စက်ဖြင့်ရောမွှေရကြောင်း၊ ပြီးလျှင် ထောပတ်၊ မာဂျရင်းတို့ဖြင့် ရောစပ်၍ ပုံစံခွက်ထဲထည့်ပြီး ပေါင်းခံစက်ဖြင့် သုံးနာရီခွဲခန့်ထိ ပေါင်းခံထားရကြောင်း၊ ထို့နောက် မုန့်ဖုတ်စက်ထဲသို့ ထည့်ပြီး အချိန်ပြည့်လျှင် ထုတ်ယူကာ အအေးခံပြီး ပါကင်ထည့်ရကြောင်း၊ ပြီးလျှင် ကုန်အမှတ်တံဆိပ်၊ ကုန် အညွှန်းအမှတ်အသားပါ စာရွက်များထည့်ကာ ပါကင်ပိတ်ရကြောင်း၊ လျှပ်စစ် မီးပျက်လျှင် ဂက်စ်၊ ဒီဇယ်ဖိုများဖြင့် ထုတ်လုပ်ရကြောင်း သိရသည်။ ဖြန့်ချိသည့်မြို့နယ်များအနေဖြင့် အောင်လံ၊ ဆင်ပေါင်ဝဲ၊ မြို့သစ်၊ မကွေး၊ နတ်မောက်၊ တောင်တွင်းကြီးမြို့နယ်များသို့ အများဆုံးဖြန့်ချိကြောင်း၊ တစ်ရက်လျှင် မုန့်ထုပ် ၂၀၀ ဆံ့ ဂျပ်ဖာ ၂၀ ခန့် ပို့ဆောင်ရပြီး အခြားလက်လီများလည်း ရောင်းချရကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲကိတ်တစ်လုံးလျှင် ကျပ် ၂၈၀၀၊ ပေါင်မုန့်ပလိန်း တစ်ထုပ်လျှင် ကျပ် ၁၇၀၀၊ ပဲပေါင်မုန့်တစ်ခုလျှင် ကျပ် ၃၀၀၊ ပလိန်းကိတ်တစ်လုံးလျှင် ကျပ် ၂၃၀၀၊ ရွှေပဲဝိုင်းမုန့်တစ်ခုလျှင် ကျပ် ၅၃၀၊ ကိတ်ခြောက် တစ်ထုပ်လျှင် ကျပ် ၁၈၀၀၊ ပဲလမုန့်တစ်ခုလျှင် ကျပ် ၄၃၀ နှုန်းဖြင့် ရောင်းချကြောင်း၊ ဆက်လက်၍လည်း အုန်းသီးကိုအခြေခံ၍ ထုတ်လုပ်မည့် အုန်းသီးပေါင်မုန့်၊ အုန်းသီးယိုများကိုလည်း တီထွင်ဆန်းသစ်မှုများဖြင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဤကဲ့သို့ တစ်ပိုင်တစ်နိုင် ဒေသတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် နိုင်ငံတွင်း စီးပွားဖြစ်ထွန်းမှုကို အကျိုးသက်ရောက်စေသလို နိုင်ငံတွင်း အလုပ်လက်မဲ့လူဦးရေ လျှော့ချရေးကိုလည်း အထောက်အကူပြုစေသည်။ ယခုအခါ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေး တိုးတက်မှုတို့အတွက် အရေးပါသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်မှ MSME ချေးငွေများ ထုတ်ချေးပေးခြင်း၊ ပြခန်း ပြပွဲများတွင် ဒေသတွင်းလုပ်ငန်းရှင်များအား မိမိတို့ထုတ်ကုန်များကို ပြသစေခြင်း အစရှိသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဒေသအတွင်းရှိ တစ်ပိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် အရည်အသွေး၊ ဌာနဆိုင်ရာများ၏ ထောက်ခံချက်များအပြင် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သင့်သည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း တစ်ပိုင်တစ်နိုင် စီးပွားရေးမှသည် ပြည်ပနိုင်ငံများထိ ထိုးဖောက်ဝင်ရောက်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်သင့်ကြောင်း မကွေးတိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင် ဒေသတွင်း စီးပွားရေးလုပ်ငန်းတစ်ခုအား အခြေခံ၍ ရေးသားလိုက်သည်။

**စန္ဒာစိုးလွင် (မကွေး)**

Commerce

J O U R N A L

**အတိုင်ပင်ခံစာတည်း**

သောင်းနိုင်၊ ခင်မောင်လှိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**

ညီညီအောင်

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**လက်ထောက်စာတည်း**

ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရီလင်းထွဋ်(မုံရွာ)၊

ကြည်နိုင်ဦး(အင်းတော်)၊

မင်းဇော်မွန်(ဖျာပုံ)၊

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

ဝင်းဝင်းခိုင်(ပြည်)

သန်းသန်းတင်(မုံရွာ)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ ဆန်ဈေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဩဂုတ်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ **ရွှေဘိုခရိုင်** ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး)တင်း ၁၀၀လျှင် ကျပ် ၄၁၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဧရာမင်း (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ရေဦးခရိုင်** ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၄၁၀၀၀၀၀၊ ပေါ်ဆန်း(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် လျှင် ကျပ် ၁၃၀၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေကြောင်း သိရသည်။

**ကလေးခရိုင်** ကလေးမြို့နယ်မှ ဧည့်မထ(စပါး) တင်း၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ငစိန် (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ငစိန်(ဆန်)(သစ်)၂၄ပြည်ပါ တစ်အိတ် လျှင် ကျပ် ၇၀၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၆၅၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ကသာခရိုင်** အင်းတော်မြို့နယ်မှ ဆင်းဧကရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ဆင်းဧကရီ-၃ ဆန် ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ဧရာမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မုံရွာခရိုင်** မုံရွာမြို့တွင် ဧရာမင်း (စပါး)တင်း ၁၀၀လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း(ဆန်) (သစ်) ၂၄ပြည် တစ် အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ရွှေဘိုပေါ် ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ မနောသုခ(မိုး)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ မနောသုခ (မိုး) (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ် လျှင် ကျပ် ၉၈၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ပြည် တစ် အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ငစိန် (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ငစိန် (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ခင်နိုနိုမြင့်(နန္ဒာ)

# မကွေးတိုင်းဒေသကြီး၌ ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှု အခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါး အဓိကစိုက်ပျိုးထွက်ရှိရာ အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တင်သွင်းရသည်။ မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကိုအဓိက စိုက်ပျိုးကြပြီး ဩဂုတ်လနောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(နွေ)တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ **မကွေးခရိုင်တွင်** ပေါ်ဆန်းမွှေး(၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၂၅၀၀၀၊ မနောသုခ ကျပ် ၇၅၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ **မင်းဘူးခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၂၀၀၀၊ **သရက်ခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၁၂၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ **အောင်လံခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၁၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ **ချောက်ခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၃၆၀၀၊ မနောသုခ ကျပ်၈၅၀၀၀၊ **ပခုက္ကူခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၃၀၀၀၀၊ ဧရာပဒေသာ ကျပ်၁၂၀၀၀၀၊ မနောသုခ ကျပ်၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ **ဂန့်ဂေါခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ်၁၄၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးသူတောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်း ဖြစ်စေရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ရည်ညွှန်းဈေး ထုတ်ပြန်သည့်အတွက် စပါး၊ ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၆ ရက်အတွင်း အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၂၁၇၅၇ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန် ၂၃၂၇ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန် ၅၉၀ အိတ်၊ ပဲခူးတိုင်းဒေသကြီးမှ ဆန် ၁၆၀၀၊ စုစုပေါင်းဆန် ၂၇၁၈၄ အိတ်၊ ၁၃၅၉ဒသမ၂ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

နှင်းသီ(မကွေး)



# မအူပင်မြို့နယ်ထွက် လှေ့ထိုးစပါး

မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာသည် ရန်ကုန်- ဖျာပုံ ကားလမ်းဘေးတွင် တည်ရှိပြီး ကညင်ဝ၊ ကနူး၊ ပဲခိုစု၊ အလန်းကြီး ကျေးရွာများနှင့် ရေလမ်း အဆက်အသွယ်ရှိသော လမ်းဆုံအချက် အချာကျသည့် ကျေးရွာတစ်ခုဖြစ်သည်။

ကျုံစုတ်၊ ကညင်ဝ၊ ကနူး၊ ပဲခိုစု၊ အလန်းကြီး စသည့် ကျေးရွာများမှ တောင်သူလယ်သမားများသည် မေလ ဆန်းတွင် စပါးများကို စတင်စိုက်ပျိုးပြီး ဇူလိုင်လတွင် စပါးများ စတင်ရိတ်သိမ်းသည်။

စိုက်ပျိုးသော စပါးမျိုးများမှာ GW-11၊ ဆင်းသုခ၊ မင်းဧရာ၊ ရက် ၉၀၊ ၂၁၉ နှင့် စ ဖိုးသာ စပါးမျိုးများဖြစ်ပြီး မိုးတွင်းကာလ ရေများချိန်တွင် ရိတ်သိမ်းရသောကြောင့် လှေ့ထိုးစပါးဟု ခေါ်သည်။ လှေ့ထိုးစပါး စတင်ထွက်ရှိသည့် ဇူလိုင်လလယ်ခန့်တွင် အဆိုပါ စပါးစိုက်ပျိုးသော ကျေးရွာများမှ ကျုံစုတ်ကျေးရွာသို့ ရေကြောင်းမှနေ၍ စပါးများ လာရောက်ရောင်းချရာ တစ်နေ့လျှင် စပါးတင်းငါးထောင်ခန့် ရောင်းချရသည်။ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ပိုမိုထွက်ရှိပြီး တစ်နေ့လျှင် စပါးတင်း တစ်သောင်းခန့် ရောင်းချရကြောင်း သိရှိရသည်။

ကျုံစုတ်ကျေးရွာမှ လှေ့ထိုးစပါးများကို မအူပင်မှ စက်ပိုင်ရှင်များသာမက ပုသိမ်၊ ညောင်တုန်း၊ ဓနုဖြူ၊ ရေကြည် နှင့် ကျိုက်လတ်မြို့နယ်များမှ ဆန်စက် ပိုင်ရှင်များကပါ လာရောက်ဝယ်ယူကြကြောင်း သိရှိရသည်။

စပါး ဈေးနှုန်းများအနေဖြင့် ဩဂုတ်လနောက်ဆုံးပတ်တွင် လှေ့ထိုး စပါး ရက် ၉၀ အမျိုးအစားတင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်းနှင့် GW-11 အမျိုး အစား တင်း ၁၀၀ လျှင် ကျပ် ၁၂၅၀၀၀၀ ဈေးရှိကြောင်း သိ ရှိရသည်။

စိုက်ပျိုးသူ တောင်သူများ၏ စိုက်ပျိုးရက် မတူညီခြင်းကြောင့် ရိတ်သိမ်းချိန်မတူညီဘဲ နေ့စဉ် စပါးထွက်ရှိနေပြီး ကျုံစုတ်ကျေးရွာလှေဆိပ်တွင် စပါးတင်း တစ်သောင်းခန့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

မအူပင် လှေ့ထိုးစပါးသည် ရက်တိုတိုနှင့် ရိတ်သိမ်းရသဖြင့် စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများ အတွက် တွက်ခြေကိုက်ကြောင်း သိရှိရသည်။

သဇင် (မအူပင်)

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၃၀-၈-၂၀၂၄ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၆၀၄ | ၆၁၇ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၈၉ | ၆၀၂ | ↑ | ၅၇၈ | ၅၈၂ | ↑ | | | | ၅၃၉ | ၅၄၃ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၆၁ | ၅၇၃ | ↑ | ၅၄၅ | ၅၄၉ | ↑ | | | | ၅၀၆ | ၅၁၀ | ↑ |
| ပေါင်းဆန် | ၅၉၈ | ၆၀၈ | ↑ | - | - | - | ၅၂၈ | ၅၃၂ | ↑ | ၅၄၈ | ၅၅၂ | ↑ |

*Source: thairiceexporters*

# ဈေးသွက်လာသည့် ဧည့်မထဆန်ဈေး

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်သည် ဧည့်မထ စပါးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန် ဘုရင့်နောင် ဈေးကွက်သို့ ဧည့်မထဆန် အများဆုံးတင်ပို့ရောင်းချသည်။

ယခုနှစ် ဇူလိုင်လမှစ၍ အရောင်းအဝယ်အေးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုနည်းခဲ့သော ဟင်္သာတ ဧည့်မထ ဆန် ၁၅ မှတ်သည် ဩဂုတ်လလယ်မှစ၍ ရန်ကုန်အဝယ်လိုက် လာပြီး ဈေးတက်လာသည့်အတွက် နေ့စဉ် အိတ် ၂၀၀၀ မှ ၃၀၀၀ ကြား ရန်ကုန်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

ဩဂုတ်လ နောက်ဆုံးပတ်တွင် ဧည့်မထဆန်(၁၅) မှတ် ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၇၈၀၀၀ ဈေးဖြင့် ဟင်္သာတ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လ ကာလတူက ကျပ် ၆၈၀၀၀ ဝန်းကျင်သာရှိသဖြင့် ကာလတူနှင့်နှိုင်းယှဉ်ပါက ကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်တက်လျက်ရှိသည်။

ဆန်ကွဲ 1& Extra ဈေးမှာ ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀၊ ဆန်ကွဲ(234) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၅၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သော်သော်မြင့်




UTO U Than Ohn & Sons Co.Ltd

09-779098501,09779098502,09776777818

SURGICARE MEDICAL DISPOSABLES
QUALATEX™
alpha
Lars
H-2 HEALING HANDS
MaiMed®
icare
advacare







ptt Lubricants
PTT Lubricants
The Moving Innovation
PERFORMA
DYNAMIC




YEE SHIN PHARMA
A to Z
A-Z Vitamine

ANT
Aye Nyein Thar Co., Ltd
Speedy Move To Future With Us
Fuel Station



# ပခုက္ကူမြို့မှ ပဲဈေးကွက် အခြေအနေ

**ကုလားပဲ**

ပခုက္ကူမြို့၌ ဩဂုတ်လ စတုတ္ထပတ်တွင် ကုလားပဲ အမျိုးအစားကိုလိုက်၍ (V2)တစ်တင်းလျှင် ကျပ် ၁၀၆၀၀၀၊ HL တစ်တင်းလျှင် ကျပ် ၁၀၃၅၀၀၊ (V6) တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ (929) တစ်တင်းလျှင် ကျပ် ၉၈၅၀၀၊ ဩဂုတ်လ ပထမပတ်တွင် ကုလားပဲ အမျိုးအစားလိုက်၍ (V2) တစ်တင်းလျှင် ကျပ်၇၉၅၀၀၊ HL တစ်တင်းလျှင် ကျပ် ၈၆၀၀၀၊ (V6) တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ (929) တစ်တင်းလျှင် ကျပ် ၈၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှင့်ယခု ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်လအတွင်း ကုလားပဲ (V2) တစ်တင်းလျှင် ကျပ်၂၆၅၀၀၊ (V6) တစ်တင်းလျှင် ကျပ်၂၇၀၀၀၊ HL တစ်တင်းလျှင် ကျပ် ၁၇၅၀၀၊ (929)တစ်တင်းလျှင် ကျပ်၁၆၅၀၀ ခန့် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်အတွင်း ဈေးကွက်သို့ တစ်ရက်လျှင် ကုလားပဲ ၃၀ ပိဿာဝင်ဆံ့ အိတ် ၁၅၀ မှ ၃၀၀ အထိ တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့် ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**စားတော်ပဲ**

စားတော်ပဲဈေးကွက်အနေဖြင့် ဩဂုတ်လ စတုတ္ထပတ်တွင် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ကျွန်းစားတော်ပဲ(အသေး)တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀၊ စားတော်ပဲ(လုံးကြီး)တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင်နှစ် ကာလတူ ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ စားတော်ပဲ(လုံးကြီး)တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း၌ ပွဲရုံများတွင် နေ့စဉ် ပိဿာ ၃၀ ဝင်ဆံ့အိတ် ၂၀ မှ ၃၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မြေပဲ**

ဩဂုတ်လ ပထမပတ်တွင် မြေပဲလုံးဆန်နီ(ပြန့်) တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၉၅၀၀-၉၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၈၇၀၀-၈၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဆီဆန်တစ်ပိဿာလျှင် ကျပ် ၈၃၀၀-၈၀၀၀ ပေါက်ဈေးရှိကြောင်း၊ တစ်လအတွင်း မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ပဲတီစိမ်း**

ဩဂုတ်လ စတုတ္ထပတ်တွင် ပဲတီစိမ်း(ခေါ်)ပဲနောက်သီးနှံ တစ်တင်းလျှင် ကျပ် ၇၆၃၀၀-၇၅၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင် ဩဂုတ်ပထမပတ်တွင် တစ်တင်း လျှင် ကျပ် ၇၃၅၀၀ - ၇၂၅၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၂၈၀၀ ခန့် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင်နှစ် သီးနှံပေါ်ချိန်တွင် ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၅၅၀၀၀-၅၃၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ယခင်နှင့် ယခုကာလတူဈေးနှုန်း နှိုင်းယှဉ်ပါက ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၁၃၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးကွက်သို့ဝင်ရောက်လာသည့် ပဲတီစိမ်းသေး(ပဲနောက်)အသစ်များကို ဒေသတွင်း ဝယ်ယူစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှ သိရှိရသည်။

မြင့်မြင့်ဝင်း (ပခုက္ကူ)

# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးကွက်အခြေအနေ

**ပြည်ကုန်စည်ဒိုင်သည် လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော ပြည်မြို့တွင် ဖွင့်လှစ်ထားသောကြောင့် ပဲမျိုးစုံ အရောင်းအဝယ်မှာ ကောင်းမွန်လျက်ရှိသည်။**

**မတ်ပဲ**

ပြည်ကုန်စည်ဒိုင်၏ ဩဂုတ်လ ပထမပတ်တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၁၁၂၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ခန့် ရန်ကုန်အဝယ်ရှိသည်။ ဒုတိယပတ်တွင် ပဲတစ်တင်းလျှင် ကျပ် ၁၂၄၀၀၀- ၁၂၄၅၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၂၀၀ ခန့်အဝယ်ရှိသည်။ တတိယပတ်တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၁၂၁၀၀၀- ၁၂၁၅၀၀ ဖြင့် ရန်ကုန်အဝယ် တစ် ရက် လျှင် အိတ် ၂၀၀ ခန့်အဝယ်ရှိသည်။ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၁၂၅၀၀၀-၁၂၅၅၀၀ ဖြင့် ရန်ကုန် အဝယ် တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ခန့် အဝယ်ရှိသည်။

**ပဲတီစိမ်း**

ပြည်ကုန်စည်ဒိုင်တွင် ပဲတီစိမ်းသစ်အဝင်ရှိပြီး ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၅၅၀၀၀-၆၀၀၀၀ ဖြင့်ဈေးစဖွင့်ပြီး အရောင်းအဝယ်တစ်ရက်လျှင် အိတ် ၁၀၀-၂၀၀ခန့် အရောင်းအဝယ်ရှိသည်။ ဒုတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် တစ်ရက်လျှင် အဝယ် ၂၀၀-၂၅၀အိတ်ခန့်ရှိသည်။ တတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ဖြင့် တစ်ရက်လျှင် အိတ် ၃၀၀-၄၀၀ ခန့်အဝယ်ရှိသည်။ စတုတ္ထပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၀၀၀၀-၅၅၀၀၀၀ ဖြင့် အိတ် ၄၀၀-၅၀၀ ခန့် အရောင်းအဝယ်ရှိသည်။

**ပဲစင်းငုံ**

ဩဂုတ်လပထမပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ၁၃၇၅၀၀ -၁၃၈၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၂၀၀ ခန့်ရှိသည်။ ဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၄၇၅၀၀-၁၄၈၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၂၀၀-၂၅၀ ခန့်ရှိသည်။ ဩဂုတ်လ တတိယပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၄၇၀၀၀-၁၄၇၅၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက် အိတ် ၃၀၀ ခန့်ရှိသည်။ စတုတ္ထပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၅၄၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၃၀၀ခန့် အဝယ်ရှိသည်။

**ကုလားပဲ**

ဩဂုတ်လပထမပတ်တွင် ကုလားပဲ(HL)တစ်တင်းလျှင် ကျပ် ၈၇၀၀၀-၈၈၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၀၀၀၀-၉၁၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများသာ အဝယ်တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိသည်။ ဒုတိယပတ်တွင် ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၁၀၁၅၀၀၊ မြကြေးမှုံ တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားအဝယ် တစ်ရက်လျှင် အိတ် ၂၅၀-၃၀၀ ခန့်ရှိသည်။ တတိယပတ်အတွင်း ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၁၀၁၀၀၀-၁၀၂၀၀၀၊ မြကြေးမှုံ တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဖြင့် ခွဲစက်သမားများတစ်ရက်လျှင် အိတ် ၂၅၀ခန့်အဝယ်ရှိသည်။ စတုတ္ထပတ်တွင် ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀-၁၀၁၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၁၁၁၀၀၀-၁၁၂၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ တစ်ရက်လျှင် အိတ် ၃၀၀ ခန့် အဝယ်ရှိသည်။

**ပဲကြီး**

ဩဂုတ်လပထမပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၈၉၀၀၀၊ ပဲကြီး(ကုန်းပဲ)တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများ အဝယ်တစ်ရက်လျှင် အိတ် ၂၀၀ ခန့်အဝယ်ရှိသည်။ ဒုတိယပတ်တွင် ပဲကြီး(ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ကုန်းပဲ တစ်တင်းလျှင် ကျပ် ၈၅၀၀၀ဖြင့် မြို့တွင်း ပဲကြော်သမားများအဝယ်ရှိသည်။ တတိယပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ကုန်းပဲ တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် ဈေးအေးနေခဲ့ပြီး မြို့တွင်း အဝယ် တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိခဲ့သည်။ စတုတ္ထပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ကုန်းပဲ တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများ တစ်ရက်လျှင် အိတ် ၃၀၀-၄၀၀ ခန့် အဝယ်ရှိခဲ့သည်။

**ဗိုလ်ကိတ်ပဲ**

ဩဂုတ်လ ပထမပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၉၂၀၀၀-၉၃၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်ရှိခဲ့သည်။ ဒုတိယပတ်တွင် ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိသည်။ တတိယပတ်တွင် ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၉၈၀၀၀-၁၀၀၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၁၅၀ ခန့်ရှိခဲ့သည်။ စတုတ္ထပတ်တွင် ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၉၈၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ဗိုလ်ကိတ်ပဲဈေးမြင့်တက်နေပြီး ကုလားပဲ၊ ပဲကြီးဈေးမှာ အေးလျက်ရှိကြောင်း သိရှိရသည်။

မမအေး(ပြည်)

# ဩဂုတ်လအတွင်း ပဲတန်ချိန် တစ်သိန်းကျော်တင်ပို့

ဩဂုတ် ၁ ရက်မှ ၂၃ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှု နှင့် နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၁၉၃ သန်း တန်ဖိုးရှိ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ တန်ချိန် ၁၀၉၇၀၀ တန် တင်ပို့ခဲ့ကြောင်း သိရှိရသည်။



ပင်လယ်ရေကြောင်းမှ မတ်ပဲ တင်ပို့မှုအနေဖြင့် တန်ဖိုး အမေရိကန် ဒေါ်လာ ၆၁ ဒသမ ၂၅၅ သန်း နှင့် တန်ချိန် ၆၄၁၀၀ တန်ခန့်ကို တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုများမှာ အိန္ဒိယ နိုင်ငံသို့ တန်ချိန် ၅၁၄၀၀ ခန့်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၆၈၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၃၀၀ နီးပါး၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၈၁၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၇၉၀ ကျော်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၆၅၀၊ ယူအေအီး နိုင်ငံများသို့ တန်ချိန် ၂၃၅၀ တင်ပို့ခဲ့ပြီး ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အီးယူ နိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

ပဲတီစိမ်းကို ဩဂုတ်လအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆၉၀ သန်းဖိုးနှင့်နှင့် တန်ချိန် ၂၄၉၄၀ တင်ပို့ခဲ့သည်။ ပဲတီစိမ်းကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီးတန်ချိန် ၁၁၄၀၀ နီးပါး၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၆၀၇၀ ကျော်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၂၃၄၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၉၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၈၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၇၀၀ ခန့်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၃၅၀ ကျော်တင်ပို့ပြီး ထိုင်းနိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

ထို့ပြင် မြန်မာ-တရုတ် နယ်စပ်မှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၂ သန်း တန်းဖိုးနှင့် ပဲတီစိမ်းတန်ချိန် ၁၆၂၀ ကျော် တင်ပို့ခဲ့သည်။ ပဲစင်းငုံကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁၂၆ သန်းနှင့်တန်ချိန် ၁၉၀၄၀ခန့်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည်။

ထို့ကြောင့် ဩဂုတ်လအတွင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၂၉၃ သန်းဖိုးရှိပဲတန်ချိန် စုစုပေါင်း ၁၀၉၇၀၀ တန်ဖြစ်ကြောင်း သိရှိရသည်။ **CJ**

# နှစ်နိုင်ငံ ဆန်ကုန်သွယ်မှု သဘောတူညီချက် မြန်ဆန်စွာ အကောင်အထည်ဖော်ရေး ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှား ဆွေးနွေး

ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ကျော်လွန်ခဲ့မှုနှင့်အတူ ဆန်ကုန်သွယ်မှု ဆိုင်ရာ နားလည်မှု စာချွန်လွှာအား မြန်ဆန်စွာ အကောင်အထည်ဖော်ရေး ဩဂုတ် ၂၂ ရက်တွင် နှစ်နိုင်ငံအကြား သဘောတူခဲ့ကြောင်း သိရသည်။

(၅) ကြိမ်မြောက် ကမ္ဘောဒီးယား-အင်ဒိုနီးရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေး (JCBC)၏ရလဒ်အားသတင်းထုတ်ပြန်ရာတွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဖြစ်သူ Sok Chenda Sophea နှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Retno L.P. Marsudi တို့က နှစ်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုအပေါ် ကျေနပ်အားရဖွယ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ဩဂုတ် ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် အဆိုပါ JCBC အစည်းအဝေး၌ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နောက်ဆုံးကျင်းပခဲ့သည့် ကမ္ဘောဒီးယား - အင်ဒိုနီးရှား (JCBC) အစည်းအဝေးမှစ၍ ကဏ္ဍအသီးသီးတွင် တိုးတက်မှုများအပေါ် နှစ်ဖက်နိုင်ငံများအနေဖြင့် ကျေနပ်အားရကြောင်း၊ စီးပွားရေးကဏ္ဍ၌ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ကျော်လွန်ခဲ့သော နှစ်နိုင်ငံ ကုန်သွယ်မှု တည်ငြိမ်စွာ တိုးတက်လာခြင်းကို ကျေနပ်အားရခဲ့ပြီး ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို မြန်ဆန်စွာ အကောင်အထည်ဖော်ရေး သဘောတူခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှစ်ဖက်နိုင်ငံမှ ဝန်ကြီးများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေး၏ အရေးပါမှုကို အလေးပေး ပြောကြားခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သော စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နား လည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ရေးတို့ကို အကောင်အထည်ဖော်နိုင်ရန် အရှိန်မြှင့်တင်ဆောင်ရွက်မည့် ကတိကဝတ်အား ကြေညာခဲ့သည်။

စီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ချိတ်ဆက်မှုများ တိုးတက်ရန်နှင့် လွယ်ကူချောမွေ့စေရန် နှစ်နိုင်ငံဝန်ကြီးများသည် နှစ်နိုင်ငံ ခရီးသွားမြို့များအကြား တိုက်ရိုက်လေယာဉ်များ ပျံသန်းနိုင်ရေးကြိုးပမ်းရန်၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အစောဆုံး အဆုံးသတ်ရန်၊ စီယမ်ရတ်ပ်နှင့် ဂျာဗားအလယ်ပိုင်းတို့အကြား ညီအစ်မပြည်နယ်များအဖြစ် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန်နှင့် ဖနွမ်းပင်နှင့် အနောက်ဆူမားတြားမြို့တို့အကြား ညီအစ်မမြို့တော် ဆက်ဆံရေး တည်ထောင်နိုင်တို့ကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်ရန်အတွက် ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (CDC) နှင့် အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှုရေးရာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် သဘောတူညီခဲ့ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ ဆန်စက်များနှင့် သိုလှောင်ရုံများ ပါဝင်သော စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အင်ဒိုနီးရှားနိုင်ငံပိုင် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ Perum BULOG ၏ ရည်ရွယ် ဆောင်ရွက်မှုကိုလည်း အဆိုပါအစည်းအဝေးမှ ကြိုဆိုခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စွမ်းအင်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)၊ ကျန်းမာရေး၊ မြစ်ဝှမ်းစီမံခန့်ခွဲမှုတွင် ပူးပေါင်းဆောင်ရွက်မှု၊ စက်မှုပူးပေါင်းဆောင်ရွက်မှု၊ ဒီဂျစ်တယ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ရေးများအပါအဝင် အခြားသော အဓိကပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများအား ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး၏ အရေးပါမှုနှင့် စပ်လျဉ်းသည့် အမြင်များကို ဝေမျှခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးများသည် နိုင်ငံတကာစင်မြင့်တွင် အပြန်အလှန် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည့် ၎င်းတို့၏သန္နိဋ္ဌာန်ကို အခိုင်အမာ ပြောကြားခဲ့ကြကြောင်း၊ အဆိုပါ JCBC အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းများကို လက်မှတ်ရေးထိုးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း၊ (၆) ကြိမ်မြောက် JCBC အစည်းအဝေးကို ၂၀၂၆ ခုနှစ်တွင် အင်ဒိုနီးရှား၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Retno L.P. Marsudi သည် ဩဂုတ် ၂၁ ရက်တွင် ငြိမ်းချမ်းရေးနန်းတော်၌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်အား ဂါရဝပြု တွေ့ဆုံခဲ့ပြီး အဓိကအလားအလာရှိသည့် နယ်ပယ်များဖြစ်သည့် စီးပွားရေးနှင့် ကုန်သွယ်မှု၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူချင်း ချိတ်ဆက်မှုအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**Source: Khmer Times, 23 August, 2024**

**DPTM, DOCA**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၀.၈.၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | MSC FORTUNEF | ကုန်သေတ္တာ ၆၂၃ တင် ၄၈၁ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | SITC CHUNMING | ကုန်သေတ္တာ ၇၄၅တင် ၈၃၁ချ(ပူးတွဲလုပ်ဆောင်) |
| | ISEACO WISDOM | ကုန်သေတ္တာ ၉၈၆တင် ၁၀၈၂ချ(ပူးတွဲလုပ်ဆောင်) |
| | CAPE FELTON | ကုန်သေတ္တာ ၁၀၃၁ တင် ၉၃၀ ချ |
| အလုံဆိပ်ကမ်း အမှတ်(၁) | DIAMOND STAR-1 | Rice(Top Up) တန်ချိန်၁၉၅၀၀/၁၉၁၂၄ တင်ဆဲ |
| Yangon Int'l Gateway Terminal | HS GLORY | ဆန်တန်ချိန် ၁၅၀၀၀ တင်ဆဲ |
| | BEYPORE SULTAN | ကုန်သေတ္တာ ၁၀ တင် ၈၁ ချ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | QUEEN HARMONY | ပြောင်းဖူးတန် ၁၇၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | LUDWIG SCHULTE | ကုန်သေတ္တာ ၇၉၅ တင် ၆၀၃ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | HAN HAI-106 | ဆန်တန်ချိန် ၁၀၀၀၀တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | KRAKUS | Urea (Top Up)တန် ၂၅၅၀၀/ ၂၅၀၀၀ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | KEN GIANT | ဆန်တန်ချိန် ၂၅၀၀၀တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | TAY SON 4 | ပြောင်းဖူး(Top Up)တန်ချိန် ၁၂၀၀၀/၆၈၇၄ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | ASHICO SYMPHONY | ဆန်တန်ချိန် ၁၀၃၈၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | JAIRAN | ကုန်သေတ္တာ ၇၆ တင် ၂၈၄ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | HENG LI | Steel &Equipment ၂၄၁၉၆ တန်ချဆဲ<br>ပြောင်းဖူးတန်ချိန် ၁၂၅၀၀တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | SEA DREAM | ဆန်တန်ချိန် ၁၀၀၀၀ တန်တင်ရန် |
| WILMAR JETTY | MT.THERESA AQUARIUS | MOLASSES တန်၁၂၀၀၀တင်ဆဲ |
| | PESTANA | Urea တန်ချိန်၃၄၅၀၅ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဘက်စုံသုံးဆိပ်ကမ်းအမှတ်(၁) | MV.MCL-14 | Urea တန်ချိန် ၂၃၅၀ တန်ချဆဲ |
| သီလဝါဘက်စုံသုံးဆိပ်ကမ်းအမှတ်(၂) | SS-1 | ပြောင်းဖူးတန်ချိန် ၁၀၀၀၀ တန်တင်ဆဲ |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | MAESTRO-1 | Urea တန်ချိန် ၂၂၅၇၅ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ASHICO SYMPHONY | ဆန်တန်ချိန် ၁၀၃၈၀ တန်တင်ရန် | INDONESIA | ၁.၉.၂၀၂၄ |
| PHC GLORY | ဆန်တန်ချိန် ၈၇၀၀ တင်ရန် | INDONESIA | ၃.၉.၂၀၂၄ |
| HT PIONEER | ဆန်တန်ချိန် ၁၁၀၀၀ တင်ရန် | INDONESIA | ၅.၉.၂၀၂၄ |
| ASHIO HARMONY | ဆန်(50 KG)Bags ၁၀၀၀၀တန်တင်ရန် | INDONESIA | ၆.၉.၂၀၂၄ |
| DEBULK GULTEN | ဆန်တန်ချိန် ၃၃၀၀၀ တင်ရန | BELGIUM | ၄.၉.၂၀၂၄ |
| BBC MAINE | 12Units Rail Cars ၄၄၀.၁၃တန်ချရန် | - | ၉.၉.၂၀၂၄ |
| DEWI SHINTA MANGGALRT | Steel &Equipment တန် ၂၀၄၈၁ ချရန် | CHINA | ၁၄.၉.၂၀၂၄ |
| THOR ACHIEVER | Steel&Equipment တန်ချိန်၃၄၂၇၄ တန်ချရန် | CHINA | ၃၀.၉.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| JAIRAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၈.၂၀၂၄ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၈.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၈.၂၀၂၄ |
| BEYPORE SULTAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၉.၂၀၂၄ |
| SITC HAIPHONG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၉.၂၀၂၄ |
| VIMC DIAMOND | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၉.၂၀၂၄ |
| SINAR BAJO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၉.၂၀၂၄ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၉.၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၉.၂၀၂၄ |
| MCC SHENZHEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၉.၂၀၂၄ |
| SITC HUIMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၉.၂၀၂၄ |
| HE LE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၉.၂၀၂၄ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၉.၂၀၂၄ |
| SAN GIORGIO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၉.၂၀၂၄ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၉.၂၀၂၄ |
| CHANA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၉.၂၀၂၄ |
| TC SYMPHONY | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၉.၂၀၂၄ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၇.၉.၂၀၂၄ |
| Ti2 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၉.၂၀၂၄ |

## ၁-၈-၂၀၂၄ မှ ၂၉-၈-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 2005 | 38 | - | - | - | 2043 |
| | Form AANZ | 43 | 2 | - | - | - | 45 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 552 | 5 | - | - | - | 557 |
| | Form AJ | 78 | 1 | - | - | - | 79 |
| | Form AK | 525 | 8 | - | - | - | 533 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 113 | 3 | - | - | - | 116 |
| | Form E | 1378 | 23 | - | - | - | 1401 |
| | Form Korea | 66 | 1 | - | - | - | 67 |
| | E Form D | 910 | - | - | - | - | 910 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **5671** | **81** | - | - | - | **5752** |

## ပခုက္ကူမြို့၏ ဝါ ဈေးနှုန်းဈေးကွက်

ပခုက္ကူမြို့တွင် စိုက်ပျိုးသော ဝါများမှာ ဝါကြီး၊ ချည်မျှင်ရှည်ဝါ၊ ချည်မျှင်တိုဝါတို့ဖြစ်ပြီး စိုက်ပျိုးမှုဧကမှာ ၅၀၀၀-၆၀၀၀ ခန့်ရှိသည်။ တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်းခန့်ကုန်ကျပြီး အကျိုးအမြတ် ဝါရာသီလျှင် ကျပ် ၁၅ သိန်းခန့်ရရှိကြောင်း၊ ဝါကို တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးပြီး တစ်ကြိမ်လျှင် သက်တမ်းလေးလခန့်ကြာမြင့်ပြီး ဝါကြီးမျိုးမှာ သက်တမ်းပိုရှည်ကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။

ကန်တော်၊ ကံလှ၊ ဒဟတ်ချောက်၊ ကန်တိန်၊ ကန်ရပ်၊ သစ်ပင်ကြီးကျေးရွာများနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာများတွင် ချည်မျှင်ရှည်ဝါကို အဓိကစိုက်ပျိုးကြသည်။ တစ်ဧကစိုက်လျှင် ဝါအထွက်နှုန်းမှာ ပိဿာ ၄၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။ ယခုနှစ် ဝါဂွမ်းတစ်ပိဿာ ဈေးနှုန်းမှာ ချည်မျှင်ရှည်ဝါ ဝါဂွမ်း(အစေ့မပါ)တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ချည်မျှင်တိုဝါ ဝါဂွမ်း(အစေ့မပါ) တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ ချည်မျှင်ရှည်ဝါ ဝါစေ့ တစ်ပိဿာလျှင် ကျပ် ၁၄၀၀၊ ချည်မျှင်တိုဝါစေ့ တစ်ပိဿာလျှင် ကျပ် ၁၂၅၀ ဖြစ်ပြီး ဝါစေ့ဆီ တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀-၁၄၀၀၀၊ ဝါကြိတ်ဖတ် တစ်ပိဿာလျှင် ကျပ် ၁၁၅၀ ရှိကြောင်း သိရသည်။

ဝါစေ့ဆီကို အကြော်အလှော်များတွင် အသုံးပြုပြီး၊ ဝါကြိတ်ဖတ်မှ ဘေးထွက်ပစ္စည်းအနေဖြင့် စိုက်ခင်းများတွင် မြေဩဇာအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အစာဖြစ်လည်းကောင်း ဒေသတွင်းတွင် အသုံးပြုကြသည်။ ဝါဂွမ်းကို မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့နေကြောင်း ဝါကုန်သည်များထံမှ သိရသည်။

[illegible](မုံရွာ)

# အောင်လံကုန်စည်ဒိုင်၏ သီးနှံမျိုးစုံ ဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်မှု အခြေအနေ

**မကွေးတိုင်းဒေသကြီး အောင်လံမြို့ အောင်လံကုန်စည်ဒိုင်သည် အောင်လံမြို့နှင့် သရက်မြို့တို့မှ ထွက်ရှိသည့် သီးနှံများ နေ့စဉ်အရောင်းအဝယ်ပြုလုပ်သည့် ကုန်စည်ဒိုင်တစ်ခုဖြစ်သည်။**

### နှမ်းသီးနှံ

အောင်လံကုန်စည်ဒိုင်တွင် နှမ်းသီးနှံသည် ဩဂုတ်လ ဒုတိယပတ်အတွင်းမှစတင်၍ နှမ်းသီးနှံအသစ်များ ထွက်ရှိနေပြီး သီးနှံအဟောင်းများနှင့်အတူ ယခု စတုတ္ထပတ်အတွင်းတွင် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ နှမ်းနက်စမုန်မှာ တတိယပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၆၃၅၀၀ မှ ၁၇၆၅၀၀ အထိ ဈေးနှုန်းရှိခဲ့ပြီး စတုတ္ထပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၆၆၅၀၀ မှ ၁၈၃၀၀၀ အထိရှိခဲ့၍ တစ်တင်းလျှင် ကျပ် ၃၀၀၀မှ ၆၅၀၀ အထိ ဈေးနှုန်းအမြင့်ဖြင့် တင်းရေ ၆၀၀၀ တင်း၊ တန်အနေဖြင့် ၁၄၆ ဒသမ ၉၆ တန် အရောင်းအဝယ်ရှိခဲ့သည်။

နှမ်းနီမှာ တတိယပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၂၃၅၀၀ မှ ၁၂၆၅၀၀ အထိ ဈေးနှုန်းရှိခဲ့ပြီး စတုတ္ထပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၂၆၅၀၀ မှ ၁၃၀၀၀၀အထိ ရှိခဲ့၍ တစ်တင်းလျှင် ကျပ် ၃၀၀၀ မှ ၃၅၀၀ အထိ ဈေးနှုန်းအမြင့်ဖြင့် တင်းရေ ၆၀၀၊ တန်အနေဖြင့် ၁၄ ဒသမ ၆၉ တန် အရောင်းအဝယ်ရှိခဲ့သည်။

နှမ်းဖြူမှာ တတိယပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၂၃၀၀၀ အထိ ဈေးနှုန်းရှိခဲ့ပြီး စတုတ္ထပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၂၆၅၀၀ မှ ၁၃၃၀၀၀ အထိရှိခဲ့၍ တစ်တင်းလျှင် ကျပ် ၃၀၀၀ မှ ၁၀၀၀၀ အထိ ဈေးနှုန်းအမြင့်ဖြင့် တင်းရေ ၃၀၀၊ တန်အနေဖြင့် ၇ ဒသမ ၃ တန် အရောင်းအဝယ်ရှိခဲ့သည်။

### ပဲမျိုးစုံသီးနှံ

မတ်ပဲမှာ တတိယပတ်အတွင်းတွင် တစ်တင်းလျှင် ကျပ် ၁၁၈၀၀၀ မှ ၁၂၀၀၀၀ အထိဈေးနှုန်းရှိခဲ့ပြီး စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၁၁၉၀၀၀ မှ ၁၂၀၀၀၀ ရှိခဲ့၍ တစ်တင်းလျှင် အနိမ့်ဈေး ကျပ်၁၀၀၀ မြင့်တက်ခဲ့ပြီး ဝယ်သိုကုန်သည်များမှ တင်း ၂၇၀၀ ခန့် အရောင်းအဝယ်ရှိခဲ့သည်။

ပဲစင်းငုံနီကို သိုလှောင်ကုန်သည်များမှ အရောင်းအဝယ်ဖြစ်လျက်ရှိရာ တတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၁၄၈၀၀၀ မှ ၁၄၉၄၀၀ ထိရှိခဲ့ပြီး၊ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၁၄၈၀၀၀မှ ၁၅၂၀၀၀ ထိရှိခဲ့၍ အမြင့်ဈေး တစ်တင်းလျှင် ကျပ် ၂၆၀၀ မြင့်တက်ခဲ့ပြီး ပဲစင်းငုံနီ ၁၅၀၀ တင်းခန့် အရောင်းအဝယ်ရှိခဲ့သည်။

ပဲတီစိမ်းသီးနှံမှာ တတိယပတ်အတွင်းတွင် ကျပ် ၅၀၀၀၀ မှ ၆၂၀၀၀ အထိရှိခဲ့ပြီး စတုတ္ထပတ်အတွင်းတွင် ကျပ် ၅၀၀၀၀မှ ၆၃၀၀၀ ထိရှိခဲ့၍ တစ်တင်းလျှင် ကျပ် ၁၀၀၀ မြင့်တက်ခဲ့ပြီး တင်း ၂၂၅၀ အရောင်းအဝယ်ရှိခဲ့သည်။

ကုလားပဲ(ဟော်လန်)သီးနှံမှာ တတိယပတ်တွင် ကျပ် ၉၇၀၀၀ မှ ၁၀၀၀၀၀ အထိ ဈေးနှုန်းရှိခဲ့ရာ စတုတ္ထပတ်တွင် ကျပ် ၉၉၀၀၀ မှ ၁၀၀၀၀၀ အထိရှိခဲ့၍ တစ်တင်းလျှင် ကျပ် ၂၀၀၀ မြင့်တက်ခဲ့ပြီး ၂၄၀၀ တင်း အရောင်းအဝယ်ရှိခဲ့သည်။ ကုလားပဲ(မြကြေး)မှာ တတိယပတ်တွင် ကျပ် ၁၀၅၀၀၀ အထိ ဈေးနှုန်းဖြင့် စတုတ္ထပတ်တွင် ကျပ် ၁၀၅၀၀၀-၁၀၇၀၀၀ အထိ ဈေးနှုန်းဖြင့် ကျပ် ၂၀၀၀ မြင့်တက်ခဲ့ပြီး တင်း ၁၈၀၀ ခန့် အရောင်းအဝယ်ရှိခဲ့သည်။

ပဲကြီးသီးနှံမှာ အောင်လံကုန်စည်ဒိုင်တွင် တတိယပတ်အထိ တစ်တင်းလျှင် ကျပ် ၈၄၀၀၀မှ ၉၀၀၀၀ အထိရှိခဲ့ပြီး စတုတ္ထပတ်တွင် ကျပ် ၈၀၀၀၀-၉၀၀၀၀ ရှိခဲ့၍ ကျပ် ၄၀၀၀ ခန့်ဈေးကျပြီး တင်း ၂၇၀ အရောင်းအဝယ်ရှိခဲ့သည်။

မြေပဲလုံးဆန်နီနှင့် လုံးဆန်ဖြူတို့မှာ သီးနှံအသစ်နှင့် အဟောင်းလက်ကျန်အနည်းငယ်တို့ အရောင်းအဝယ်ဖြစ်လျက်ရှိရာ စတုတ္ထပတ်တွင် ကျပ် ၁၀၀၀၀-၁၀၅၀၀ ရှိခဲ့ပြီး မြေပဲလုံးဆန်နီ ၁၂၀ ပိဿာနှင့် မြေပဲလုံးဆံဖြူ ၁၃၀ ပိဿာ ခန့် အရောင်းအဝယ်ရှိခဲ့သည်။

မြေပဲတောင့်အစိုမှာ တတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၃၂၀၀၀မှ ၃၃၀၀၀ ထိဈေးနှုန်းရှိခဲ့၍ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ မှ ၂၅၀၀၀ ထိ ဈေးနှုန်းရှိခဲ့၍ တစ်တင်းလျှင် ကျပ် ၈၀၀၀ ဈေးကျပြီး တင်း ၃၅၀၀ ခန့် အရောင်းအဝယ်ရှိခဲ့သည်။

### ဝါသီးနှံဈေးနှုန်းဈေးကွက်အခြေအနေ

ဝါသီးနှံအနေဖြင့် ယခုရာသီတွင် ဝါကို သိုလှောင်ကုန်သည်များမှ ဈေးနှုန်းအတက်အကျကို စောင့်ဆိုင်းလျက် အရောင်းအဝယ်ပြုလျက်ရှိရာ စတုတ္ထပတ်အတွင်းတွင် ဝါ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၁၀၀ ဈေးနှုန်းရှိခဲ့၍ ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း၊ ဝါပိဿာချိန် ၁၀၀၀၀ ခန့်အား မန္တလေးမြို့သို့ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

အောင်လံကုန်စည်ဒိုင်အနေဖြင့် ဩဂုတ်လ စတုတ္ထပတ်အတွင်းတွင် နှမ်း ၁၅၄ ဒသမ၃၁ တန်၊ ပဲတီစိမ်း ၇၃ ဒသမ ၄၈ တန်၊ စုစုပေါင်းတန်ချိန် ၂၂၇ ဒသမ ၇၉ တန်အား မန္တလေးမြို့သို့ တင်ပို့ရောင်းချပေးနိုင်ခဲ့ပြီး ပဲစင်းငုံနီ၊ မတ်ပဲ၊ ကုလားပဲ(HL)နှင့်ကုလားပဲ(မြကြေး)၊ မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူတို့ကို ရန်ကုန်မြို့သို့ စုစုပေါင်းတန်ချိန် ၃၃၃ ဒသမ ၁၂ တန်အား လည်းကောင်း၊ ပဲကြီး၊ ကုလားပဲ(HL)နှင့် ကုလားပဲ(မြကြေး) အနည်းငယ်တို့အား အောင်လံမြို့နယ်နှင့် သရက်မြို့နယ်အတွင်းရှိ ခွဲစက်များနှင့် ပဲကြော်၊ ပဲလှော် လုပ်ငန်းရှင်များသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ရကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။

ရီရီဆွေး (သနပ်)

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၈-၈-၂၀၂၄ မှ ၃-၉-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 515 - 520 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 510 - 515 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 505 - 510 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 500 - 505 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 475 - 485 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 515 - 520 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 510 - 515 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 505 - 510 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 500 - 505 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 515 - 520 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 510 - 515 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 505 - 510 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 500 - 505 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 515 - 520 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 510 - 515 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 505 - 510 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 500 - 505 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 515 - 520 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 510 - 515 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 505 - 510 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 500 - 505 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 640 - 650 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 630 - 640 | |
| 24 | A-1 , 2 (Sortexed) | 380 - 400 | |
| 25 | B-1 , 2 (Sortexed) | 370 - 380 | |
| 26 | B-1,2 (Non-Sortexed) | 340 - 350 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၈-၂၀၂၄)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၉၀၀၀ | ၂၀၅၀၀ | ↑ | ၁၆၅၀၀ | ၁၇၅၀၀ | ↑ | ၇၃၆၅ | ၇၃၆၀ | ↓ |
| ပဲခူး | ၁၇၅၀၀ | ၁၇၅၀၀ | - | ၁၈၀၀၀ | ၁၈၀၀၀ | - | ၆၈၅၀ | ၇၀၀၀ | ↑ |
| ပြည် | ၂၀၀၀၀ | ၁၈၅၀၀ | ↓ | ၂၀၀၀၀ | ၁၈၀၀၀ | ↓ | ၇၀၀၀ | ၇၂၀၀ | ↑ |

# နှမ်းသီးနှံမှတစ်ဆင့် စားသုံးဆီသို့

နှမ်းသီးနှံကို လူအများက နှမ်းဆီကြိတ်၍ စားသုံးကြသလို နှမ်းသီးနှံအတိုင်းကို လိုအပ်သလိုပြုလုပ်၍ စားသုံးကြသည်။ နှမ်းသီးနှံကို ဆီကြိတ်၍ စားသုံးလျှင် ကျန်းမာရေးအတွက် အထောက်ကူဖြစ်စေသည်။ နှမ်းသီးနှံတစ်တင်းကို ဆီကြိတ်လျှင် ဆီခြောက်ပိဿာခန့်ထွက်ရှိပြီး နှမ်းဖတ်ငါးပိဿာခန့် ထွက်ရှိသည်။ နှမ်းကို ဆီကြိတ်ရာတွင် နှမ်းနီကို အဓိကထား၍ ဆီကြိတ်ကြပြီး နှမ်းနီမရှိလျှင် နှမ်းနက်ကို ဆီကြိတ်ကြသည်။ နှမ်းနီကို ဆီကြိတ်လျှင် ဆီအထွက်နှုန်းကောင်းပြီး နှမ်းနက်ကို ဆီကြိတ်လျှင် ဆီအထွက်နှုန်းနည်းပြီး ဆီအရောင်မှာ အနည်းငယ် မည်းတတ်သည်။ နှမ်းနီမှထွက်ရှိသောဆီမှာ စားသုံးရန် သင့်တော်ပြီး နှမ်းနက်မှထွက်ရှိသော ဆီမှာ စားသုံးရန်အတွက် သာမက ဆေးဖော်ရာတွင်လည်း အသုံးဝင်သည်။

နှမ်းများကိုသန့်စင်ပြီး ဆီကြိတ်ရာတွင် ပထမဦးစွာ ထွက်ရှိသော ဆီအကြည်များကို နှမ်းဦးဆီဟုခေါ်ပြီး နှမ်းဦးဆီ ထွက်ပြီးသား နှမ်းဖတ်များကို ထပ်မံ၍ ဆီကြိတ်လျှင် နှမ်းဆီ(ရိုးရိုး)ကို ရရှိသည်။ နှမ်းဦးဆီမှာ ဟင်းများကြော်ရာတွင် အမြှုပ်မထဘဲ ရိုးရိုးနှမ်းဆီမှာ ဟင်းများကြော်ရာတွင် အမြှုပ်ထတတ်သည်။ ထို့ကြောင့် နှမ်းဦးဆီ ဈေးနှုန်းများမှာ နှမ်းဆီ(ရိုးရိုး)ဈေးနှုန်းထက်စာလျှင် အနည်းငယ်မြင့်သည်။

ဩဂုတ်လ ပထမပတ်တွင် ပြည် ခရိုင် ပြည်မြို့တွင် ဖြစ်ပေါ်ခဲ့သော နှမ်းဆီဈေးများမှာ နှမ်းဦးဆီ တစ်ပိဿာလျှင် ကျပ် ၁၇၅၀၀၊ ရိုးရိုးနှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ဖြင့် ဈေးကွက်များနှင့် ဆီဆိုင်များတွင် ရောင်းချလျက်ရှိသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော နှမ်းဆီ ပျမ်းမျှဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ရေတွက်ပုံ-ပိဿာ

| စဉ် | ခုနှစ် | အနိမ့်(ကျပ်) | အမြင့်(ကျပ်) |
|---|---|---|---|
| ၁။ | ၂၀၂၀ | ၆၅၀၀ | ၈၁၀၀ |
| ၂။ | ၂၀၂၁ | ၆၅၀၀ | ၇၅၀၀ |
| ၃။ | ၂၀၂၂ | ၇၀၀၀ | ၁၂၀၀၀ |
| ၄။ | ၂၀၂၃ | ၁၂၀၀၀ | ၁၃၀၀၀ |
| ၅။ | ၂၀၂၄ ဩဂုတ်လ | ၁၉၅၀၀ | ၂၀၀၀၀ |

နှမ်းဆီဈေးမှာ ယခုလက်ရှိကာလတွင် ဈေးမြင့်လျက်ရှိပြီး နှမ်းသီးနှံများ မပေါ်ခင်အချိန်နှင့် ဝယ်လိုအားလည်း များလာသည့်အတွက် ဈေးမြင့်တက်လာခြင်းဖြစ်သည်ဟု သိရသည်။ ပြည်မြို့ရှိ ဆီဈေးကွက်တွင် နှမ်းဆီဈေးမှာ အခြားဆီများထက် ဈေးပိုမြင့်နေကြောင်း သိရသည်။

ဝေဝေမင်း (ပြည်)

Vol: 24, No.10 Monday September 2 2024

# ကမ္ဘာ့ကုန်သွယ်ရေးစင်္ကြံသစ်များ

သိန်းမြင့်ဝေ

မကြာမီက ဖြစ်ပွားခဲ့သော အကျပ်အတည်းများကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းများ ပြောင်းလဲခဲ့သည်။ ကုန်စည်စီးဆင်းမှုချောမွေ့စေရန်၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade facilitation) နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digitalization) ယခင်ထက် ပိုမိုလိုအပ်လာသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ပထဝီဝင်နိုင်ငံရေး တိုးတက်ပြောင်းလဲမှုများက ကုန်သွယ်မှုလမ်းကြောင်းများကို ပြန်လည်သတ်မှတ်ပေးခဲ့သည်။ ယူကရိန်းစစ်ပွဲမှစတင်၍ မြောက်ပိုင်းယူရေးရှားစင်္ကြံ (Northern Eurasian corridors) ကဲ့သို့သော သမားရိုးကျ လမ်းကြောင်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု သိသိသာသာ ကျဆင်းသွားခဲ့သည်။

ယခုအခါ ပင်လယ်နီ အကျပ်အတည်းက အရှေ့အနောက် ကုန်သွယ်ရေး(East-West trade) ကိုရိုက်ခတ်လျက်ရှိသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကုမ္ပဏီများသည် အစားထိုး လမ်းကြောင်းများ ထပ်မံရှာဖွေနေကြသည်။ အရှေ့အနောက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် မကြာသေးမီနှစ်များအတွင်း လမ်းကြောင်းသစ်များ ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း အဆိုပါ လမ်းကြောင်းသစ်များအတွက် ပံ့ပိုးမှုလိုအပ်လျက်ရှိသည်။

အလယ်ပိုင်းနှင့် တောင်ပိုင်းစင်္ကြံများ ကက်စ်ပီယံပင်လယ် (Caspian Sea) သို့မဟုတ် အီရန်မှတစ်ဆင့် တရုတ်နှင့် အလယ်ပိုင်း အာရှကို တူကီယဲနှင့် ဥရောပသို့ ချိတ်ဆက်ရာတွင် အလယ်ပိုင်းစင်္ကြံနှင့် တောင်ပိုင်းစင်္ကြံ နှစ်ခုစလုံးသည် အရေးကြီးသော ကုန်သွယ်မှုလမ်းကြောင်းများ ဖြစ်လာခဲ့သည်။ ထို့ပြင် အလယ်ပိုင်းစင်္ကြံနှင့် တောင်ပိုင်းစင်္ကြံတို့သည် ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ပုံဖော်ရန်အတွက် အရေးကြီးသည်။ ၎င်းစင်္ကြံများက တစ်နေရာမှ အခြားတစ်နေရာသို့ တိုက်ရိုက် သယ်ယူပို့ဆောင်ပေးသော Door-to-Door transport ကို ဖြစ်စေနိုင်သည်။ ထိုမျှသာမက အဆိုပါစင်္ကြံများက လမ်းကြောင်းအမျိုးမျိုးကို ထိထိရောက်ရောက် ပေါင်းစပ်ပေးနိုင်သည်။

၂၀၂၂ ခုနှစ်တွင် အလယ်ပိုင်းစင်္ကြံမှတစ်ဆင့် ဖြတ်သန်းကုန်သွယ်သောပမာဏသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၅၀ ရာခိုင်နှုန်း စံချိန်တင် တိုးတက်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထိ တစ်လအတွင်း ကက်စ်ပီယံမြစ်ဝှမ်း၌ ကွန်တိန်နာ အဝင်အထွက် ၅ ဒသမ ၅ ဆ တိုးတက်လာခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ အလယ်ပိုင်းစင်္ကြံ တစ်လျှောက် တရုတ်မှ ဥရောပသို့ ကုန်စည်ပို့ဆောင်မှု ပမာဏသည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁ ဒသမ ၆ သန်းကျော် တိုးတက်လာခဲ့သည်။


ထို့အတူ တောင်ပိုင်းစင်္ကြံသည် ကုန်စည်စီးဆင်းမှုနှင့် အရှေ့အနောက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် ကောင်းစွာတည်ရှိနေသည်။ တူကီယဲ၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်ထိ ပျမ်းမျှအားဖြင့် ၄၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ နိုင်ငံခြား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် အဆိုပါကာလအတွင်း ၈၆ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံ လီယွမ်းဂန်မြို့ (Lianyungang) မှ တူကီယဲနိုင်ငံသို့မဟုတ် ဥရောပသမဂ္ဂနိုင်ငံများသို့ ၎င်းစင်္ကြံများမှတစ်ဆင့် သယ်ယူပို့ဆောင်ရာတွင် ၁၃ ရက်မှ ၂၃ ရက်ထိ ကြာမြင့်သည်။ ဆန့်ကျင်ဘက်အားဖြင့် စူးအက်တူးမြောင်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရာတွင် ၃၅ ရက် မှ ၄၅ ရက်ထိ ကြာမြင့်နိုင်သည်။

## ပင်လယ်နီအကျပ်အတည်း

ယခုအခါ ပင်လယ်နီအကျပ်အတည်းက ကမ္ဘာ့ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှု ပိုမိုများပြားလာစေသည်။ မီဒီယာများ၌ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြသည့်အတိုင်း ကုန်တင်သင်္ဘောများသည် ပင်လယ်နီကို ရှောင်ရှားရန် အာဖရိက တောင်ဘက်စွန်းတစ်ဝိုက်သို့ လမ်းကြောင်းပြောင်းလဲလျက်ရှိသည်။

> **အလယ်ပိုင်းနှင့် တောင်ပိုင်းစင်္ကြံများ ကက်စ်ပီယံပင်လယ် (Caspian Sea) သို့မဟုတ် အီရန်မှတစ်ဆင့် တရုတ်နှင့် အလယ်ပိုင်း အာရှကို တူကီယဲနှင့် ဥရောပသို့ ချိတ်ဆက်ရာတွင် အလယ်ပိုင်းစင်္ကြံနှင့် တောင်ပိုင်းစင်္ကြံ နှစ်ခုစလုံးသည် အရေးကြီးသော ကုန်သွယ်မှု လမ်းကြောင်းများ ဖြစ်လာခဲ့သည်။**



အခြားကုမ္ပဏီများသည် တိုက်ရိုက်ကုန်းလမ်းပိုင်းများကို ပိုမိုရွေးချယ်လျက်ရှိသည်။ အထူးသဖြင့် TIR စနစ် အသုံးပြုကုန်သွယ်လာကြသည်။ TIR စနစ်ဆိုသည်မှာ အကျယ်ပြန့်ဆုံး ပထဝီဝင်ဧရိယာများ ပါဝင်သော နိုင်ငံတကာ ကုန်းလမ်းပို့ဆောင်ရေးစနစ် (Transports Internationaux Routiers or International Road Transport) ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများသည် TIR စနစ် အသုံးပြု၍ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Gulf Cooperation Council - GCC) အဖွဲ့ဝင်နိုင်ငံများမှတစ်ဆင့် လမ်းကြောင်းပြောင်းလဲပြီး ပို့ဆောင်ကုန်သွယ်ကြသည်။ GCC ဒေသနှင့် ပင်လယ်နီ၏ မြောက်ပိုင်းမှတစ်ဆင့် ကုန်စည်များကို ကုန်တင်ယာဉ်များဖြင့် ပြောင်းလဲသယ်ဆောင်ခြင်းအားဖြင့် ပိတ်ဆို့ခံထားရသော ပင်လယ်ဓရကြောင်းလမ်းကို ကျော်ဖြတ်လျက်ရှိသည်။ အိုမန်နိုင်ငံ Sohar ဆိပ်ကမ်းနှင့် Salalah ဆိပ်ကမ်းအပါအဝင် ဆော်ဒီအာရေးဗီး ယားနိုင်ငံ Jeddah ဆိပ်ကမ်းနှင့် Dammam ဆိပ်ကမ်းတို့သည် ဆိုက်ရောက် ဆိပ်ကမ်းများအနေဖြင့် ကုန်စည်များ လက်ခံထားရှိသည်။ ထို့နောက် အဆိုပါ ကုန်စည်များကို ဒေသအနှံ့သို့ ကုန်တင်ကားများဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိသည်။

သို့သော်လည်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီများ အသုံးပြုနိုင်သော အခြားလမ်းကြောင်းများစွာရှိသည်။ ပြီးခဲ့သည့်နှစ်တွင် Milton Group သည် ဥရောပမှ ကုန်ပစ္စည်းများကို TIR စနစ်ဖြင့် အရှေ့အလယ်ပိုင်းသို့ ပို့ဆောင်ခဲ့သည်။ ထိုကဲ့သို့ ပို့ဆောင်ရာတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံဖြတ်သန်းပြီး ကိုးရက်အတွင်း ပို့ဆောင်ခဲ့သည်။ ထိုကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်းဖြင့် ပို့ဆောင်ပါက ရက်ပေါင်း ၄၀ ကြာမြင့်မည်ဖြစ်သည်။

လတ်ဗီးယားနိုင်ငံမှ ထွက်ခွာသော ကုန်စည်များကို Bandar Abbas ဆိပ်ကမ်းမှတစ်ဆင့် လစ်သူယေးနီးယား၊ ပိုလန်၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ တူကီယဲနှင့် အီရန်သို့ပို့ဆောင်သည်။ ဆက်လက်၍ ဘီးတပ်ယာဉ်တင်ဆောင်သော သင်္ဘော (Ro-Ro vessel) ဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုကို ဖြတ်သန်းလျက် ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်သည်။

အာရှတိုက်တစ်ဝန်း၌ မကြာသေးမီနှစ်များအတွင်း TIR လမ်းကြောင်းသစ်များ ဖွင့်လှစ်ခဲ့သည်။ ၂၀၂၁ ခုနှစ်မှစ၍ ကမ္ဘာ့ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ (World Road Transport Organisation - IRU) နှင့် ၎င်း၏မိတ်ဖက်များသည် TIR အစီအစဉ်အရ အစ္စလာမ်မာဘတ်-တီဟီရန်-အစ္စတန်ဘူလ်၊ ပါကစ္စတန်-အာဖဂန်နစ္စတန်-ဥဇဘက်ကစ္စတန်-ကာဇက်စတန်နှင့် တရုတ်-ပါကစ္စတန်-အာဖဂန်နစ္စတန် အပါအဝင် စင်္ကြံများစွာ ဖွင့်လှစ်ခဲ့သည်။ ၎င်းစင်္ကြံလမ်းကြောင်း သုံးခုစလုံးသည် သမားရိုးကျလမ်းကြောင်းများနှင့် နှိုင်းယှဉ်ပါက ပျမ်းမျှအားဖြင့် သယ်ယူပို့ဆောင်သည့်အချိန် ၈၀ ရာခိုင်နှုန်းအထိ လျှော့နည်းသက်သာသည်။

လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ လှုပ်ခတ်မှုများကြားတွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းများသည် ၎င်းတို့၏ စွမ်းဆောင်ရည် ထိန်းသိမ်းထားနိုင်စေရန်အတွက် အစားထိုးလမ်းကြောင်း (Alternative routes) နှင့် အပြန်အလှန် ထိန်းညှိမှုများ လိုအပ်သည်။

## ဖြေရှင်းနည်းများ

နယ်စပ်ဖြတ်ကျော်ရာတွင် အခက်အခဲများ ဖြေရှင်းရန်အတွက် ကောင်းမွန်သော အခြေခံအဆောက်အအုံ၊ ပျော့ပျောင်းသော လုပ်ထုံးလုပ်နည်းနှင့် ဝန်ဆောင်မှုကောင်းများ လိုအပ်သည်။ သို့သော် အလယ်ပိုင်းစင်္ကြံနှင့် တောင်ပိုင်းစင်္ကြံ၏ အလားအလာကို အမြင့်ဆုံးမြှင့်တင်ပြီး ခံနိုင်ရည်အား တည်ဆောက်ရမည်။ အထူးသဖြင့် မဟာဗျူဟာသည် ချောမွေ့သောကုန်သွယ်ရေးနှင့် ပို့ဆောင်ရေး နည်းလမ်းများ (Soft trade and transit solutions) ဆီသို့ ဦးတည်ရမည်။

TIR စနစ်ကဲ့သို့ ယုံကြည်စိတ်ချရသော နည်းလမ်းများ (Tried-and-tested tools) သည် ကုန်သွယ်ရေး စီးဆင်းမှုကို သိသိသာသာ ချောမွေ့စေပြီး ပိတ်ဆို့နေသော နယ်စပ်ဖြတ်ကျော်မှုများကို တားဆီးနိုင်သည်။ TIR အပါအဝင် ဟန်ချက်ညီသော နည်းလမ်းများသည် သယ်ယူပို့ဆောင်ရေးအတွက် လုံခြုံမှုနှင့် ပွင့်လင်းမြင်သာမှုကို ဖြစ်စေနိုင်သည်။ ထို့ပြင် အန္တရာယ် နည်းပါးသော ကုန်စည်များကို ပိုမိုမြန်ဆန်စွာကိုင်တွယ်ပြီး လုပ်ငန်း ကုန်ကျစရိတ် လျှော့ချပေးနိုင်သည်။ စင်္ကြံသစ်များတစ်လျှောက် ကုန်သွယ်မှုပမာဏ စံချိန်တင်တိုးလာသည်နှင့်အမျှ ကုန်သွယ်မှုလုံခြုံရေးနှင့် စွမ်းဆောင်ရည် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နိုင်ငံတကာ ဖြတ်သန်းပို့ဆောင်မှုကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရန် အရေးကြီးလာသည်။

## eTIR ဆီသို့

TIR လုပ်ငန်းစဉ်ကို ဒစ်ဂျစ်တယ်အသွင်ပြောင်းရန် လုပ်ဆောင်ခဲ့သည့် အဆင့်အားလုံး၏ အန္တိမရည်မှန်းချက်မှာ လာမည့်နှစ်များတွင် eTIR ကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်ရန် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအချင်းချင်း ချိတ်ဆက်နိုင်သော၊ စီးပွားရေးလုပ်ငန်းနှင့် ဖောက်သည်များကြား ချိတ်ဆက်နိုင်သော TIR ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းကို အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။ ယခုအခါ TIR နိုင်ငံများသည် နောက်ဆုံးလက်ကျန် ချိတ်ဆက်မှုအပိုင်း အပြီးသတ်ရန် လိုအပ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတကာ eTIR စနစ်နှင့် အပြန်အလှန်ချိတ်ဆက်ရန် လိုအပ်ခြင်းဖြစ်သည်။

eTIR သည် အချိန်ကုန်သော စက္ကူအခြေခံ လုပ်ငန်းစဉ်များ (Paper-based processes) ဖယ်ရှားပေးပြီး ကြားခံပို့ဆောင်ရေး (Intermodal transport) ကိုပိုမိုကောင်းမွန်စေသည်။ ထို့ပြင် ပို့ဆောင်ရေး နည်းလမ်းအမျိုးမျိုးကို ထိထိရောက်ရောက် ပေါင်းစပ်ပေးမည်ဖြစ်သည်။ ထိရောက်သော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအတွက် ဒေတာများ (Data) ထပ်ပွားခြင်းကို ရှောင်ရှားရပါမည်။ သယ်ယူပို့ဆောင်မှုပုံစံအမျိုးမျိုးကို ကိုယ်စားပြုသည့် မတူညီသော ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများကြား ဒေတာမျှဝေခြင်းကိုလည်း ရှောင်ရှားရန် အရေးကြီးသည်။

ဒစ်ဂျစ်တယ် အထောက်အထားများသို့ အသွင်ကူးပြောင်းခြင်းသည် လူတိုင်းအတွက် ဒေတာဖလှယ်ရန် အခွင့်အရေးကောင်းတစ်ခု ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အကျပ်အတည်းအမျိုးမျိုးကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းများ လှုပ်ခတ်သွားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် နောက်ထပ် အခက်အခဲများမှ ရှောင်ရှားနိုင်ရန် ပေါ်ပေါက်လာသော လမ်းကြောင်းသစ်များကို ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်း (Harmonised development tools) နှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးတို့ဖြင့် ကျောထောက်နောက်ခံပြုသင့်သည်။

Source: unctad.org

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန
ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
ပို့ကုန်ဆိုင်ရာရက်တိုသင်တန်းများ (အမှတ်စဉ်-၁)
ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နည်းသင်တန်း
(How to Start Export Business in Myanmar)
သင်တန်းသားများခေါ်ယူခြင်း

(က) သင်တန်းကာလ - ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်
(ခ) သင်ကြားမည့်နေ့ရက်များ - တနင်္လာနေ့မှ သောကြာနေ့အထိ (၅) ရက်သင်တန်း
(ဂ) သင်တန်းအချိန် - နံနက် ၉ : ၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ
(ဃ) သင်တန်းသားဦးရေ - (၃၅) ဦး
(င) သင်တန်းတည်နေရာ - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့် ၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(စ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ - ဓါတ်ပုံ ၁ လက်မပတ်လည် (၃) ပုံ၊ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁ ၈ ၂၅၀၈၇၁ ၊ ၀၉ ၅၀၉၆၁၃၁

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်) တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၆-၈-၂၀၂၄)ရက်နေ့မှ (၁-၉-၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

Quantity (MT) 1000
CIF Price (USD/MT) 1019
ငွေလဲနှုန်း 3418
Customs ငွေလဲနှုန်း 2100

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,353,678 | 7.11 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 17,414,710 | 28.44 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | | 106,995,000 | 174.72 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကြေးခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 10,766,700 | 17.58 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 367.5 | 367,500 | 0.60 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 42,798,000 | 69.89 |
| ၁၂ | ကုန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 25 | 15,309,750 | 25.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | | 40,645,933 | 66.37 |
| | အထွေထွေစရိတ်ပေါင်း | | **270,654,371** | **441.96** |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,482,942,000** | **5,687.46** |
| | စရိတ်စုစုပေါင်း | | **3,753,596,371** | **6,129.42** |

# ဖိလစ်ပိုင်နိုင်ငံသည် နာနတ်သီး ကမ္ဘာ့ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်လာ

ဖိလစ်ပိုင်နိုင်ငံသည် Costa Rica ပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံး နာနတ်သီးတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နေပြီး ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပမာဏ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ဖိလစ်ပိုင်သည် ၂၀၂၃ ခုနှစ်တွင် နာနတ်သီးမက်ထရစ် တန်ချိန် ၆၀၀၀၀၀ ခန့်တင်ပို့ခဲ့ပြီး ယခင်နှစ်ပမာဏထက် ၂ ဒသမ ၇ ရာခိုင်နှုန်း ပိုများလာကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှပြောကြားခဲ့သည်။

FAO သည်ဖိလစ်ပိုင်နိုင်ငံ၏ နာနတ်သီးတင်ပို့မှုနှင့် ပတ်သက်၍ နှိုင်းယှဉ်ကိန်းဂဏန်းများကို ဖော်ပြမထားသော်လည်း ပမာဏသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ တစ်နှစ်ထက်တစ်နှစ် တိုးလာသည်ဟုဆိုသည်။ ပြီးခဲ့သောနှစ်အတွက် FAO သည် တရုတ်နိုင်ငံသို့ တင်ပို့မှု ၃ ရာခိုင်နှုန်းတိုးလာခြင်းကြောင့် တိုးတက်လာသည်ဟု ယူဆခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် စိုက်ပျိုးသည့် အဓိကမျိုးစိတ်ဖြစ်သော MD2 နာနတ်သီး၏ ဆွဲဆောင်မှုရှိသော ဈေးနှုန်းနှင့် အရည်အသွေး အချိုအစား၊ တစ်နှစ်ပတ်လုံး ထုတ်လုပ်မှုသံသရာနှင့် ရှည်လျားသော သိုလှောင်မှုသက်တမ်းတို့သည် ၎င်းအားအရောင်းရဆုံးနာနတ်သီးဖြစ်လာစေသော အချက်များဖြစ်သည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံထုတ် နာနတ်သီးကို အဓိကစားသုံးသူဖြစ်ပြီး စုစုပေါင်းတင်ပို့မှု၏ ၄၃ ရာခိုင်နှုန်း ခန့်ရှိသည်။ ဂျပန်နှင့် ကိုရီးယားတို့သည် ၃၀ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်း အသီးသီးရှိကြသည်။ ဖိလစ်ပိုင်နိုင်ငံမှ နာနတ်သီးတင်ပို့မှု ပျမ်းမျှတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် တစ်တန်လျှင် ၅၉၃ ဒေါ်လာအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း FAO က ပြောကြားခဲ့သည်။

Source:businessinquirer
ဟန်ကိုကျော် (DOCA Yangon)

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ် ၄၉ သိန်းကျော်တွင်ရှိနေ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) မှ ထုတ်ပြန်လျက်ရှိသည့် အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သားဈေးနှုန်းမှာ ကျပ် ၄၉သိန်းကျော်တွင် ရှိပြီဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ YGEA မှ နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ရွှေရောင်းချသည့်အခါ တွင် သတ်မှတ်သည့်ဈေးနှုန်းအတိုင်းရောင်းချပါရန် အသိပေးထားပြီး ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ပါရန် ပန်ကြားထားသည်။

လက်ရှိတွင် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်း ကြပ်မတ်ရေး လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင် ရွက်လျက်ရှိ ကြောင်း၊ ရွှေဈေးနှုန်း တည်ငြိမ်စေရေးအတွက် ရွှေဆိုင်များအနေဖြင့် နေ့စဉ် ရွှေဆိုင်များအား ဖွင့်လှစ်ခြင်း၊သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများကို ဆောင်ရွက်ပေးပါရန် အသိပေးအပ်ကြောင်း၊ သက်ဆိုင်ရာမှ လာရောက်စစ်ဆေးသည့်အခါတွင် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း YGEA မှ အသိပေး ထုတ်ပြန်ထားသည်။

လက်ရှိတွင် YGEA အနေဖြင့် အကယ်ဒမီ မီးလင်းရွှေဈေးနှုန်းအား ကမ္ဘာ့ရွှေဈေး၊ လိုင်စင်ရဘဏ်များဖြင့် ရည်ညွှန်းဈေးများဖြင့် တွက်ချက်ကာ ရည်ညွှန်းဈေးအား နေ့စဉ်ဖွင့်လှစ်ပေးလျက်ရှိသည်။

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ်အေး

လက်ရှိပြည်တွင်း ငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စောင့်ကြည့်ကြပ်မတ် ကွပ်ကဲလျက်ရှိကြောင်း၊ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဖြစ်သော စုဆောင်းအပ်နှံငွေ အမျိုးမျိုးလက်ခံပြီး နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုး ထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများ ဆောင်ရွက်ခြင်း စသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေ ကြေးဈေးကွက်အတွင်းသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် Fx Trading Platform မှတစ်ဆင့် နိုင်ငံခြားငွေများ ဆက်တိုက်ထုတ်ရောင်းပေးလျက်ရှိသည်။

လက်ရှိတွင်လည်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရဘဏ်များမှလည်း ငွေလဲကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်းနိုင်ငံခြားငွေကြေးတို့အား ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

## စတော့ရှယ်ယာတန်ဖိုး ကျပ်သန်း ၈၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့်ဇူလိုင်လအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ် ဖြစ်မှုတန်ဖိုး ကျပ်သန်း ၈၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့ အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၂၆၀၁၀၇ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၈၁၄ ဒသမ ၈၈ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၁၆၃၀၀ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄၃ ဒသမ ၂၁၈ သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၉၁၆၄၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၁၉ဒသမ ၅၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၃၅၃၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၂၈၁ဒသမ ၇၈ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၈၃၅၈၁ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄၂ ဒသမ ၈၃ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၃၂၄၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၈ဒသမ ၉၈ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၅၇၇၉ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၄ ဒသမ ၄၈၇ သန်း ရရှိခဲ့သည်။

ကိုတိုး - စုစည်းသည်

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဩဂုတ် ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံအနက် မြန်မာနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၀ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာဂျင်တီးနားနှင့် အာမေးနီးယားနိုင်ငံတို့တွင် ၅ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခုနစ်နိုင်ငံသာရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ဩဂုတ် ၂၆ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ဘူလ်တန်၊ ကိုလံဘီယာ၊ အီဂျစ်၊ ကင်ညာ၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ဂျပန်၊ ထိုင်ဝမ်၊ အီတလီ၊ နယ်သာလန်၊ မက္ကဆီကို၊ နီပေါနှင့် ကူဝိတ် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၀ ရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ဩဂုတ် ၂၆ ရက် ဒီဇယ်ဈေးနှုန်းများ အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁၀ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၇ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း ယင်းဝက်ဘ်ဆိုဒ်၌ ဖော်ပြထားသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံအနက် အာဖဂန်နစ္စတန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၇ ဒသမ ၈၀ ရာခိုင်နှုန်း၊ အာဂျင်တီးနားနိုင်ငံတွင် ၃ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ဂျော်ဒန်၊ နယ်သာလန်၊ ဒိန်းမတ်၊ ကင်ညာ၊ မက္ကဆီကို၊ တောင်အာဖရိက၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ဂျပန်၊ နီပေါ၊ အီတလီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ဂရိနှင့် ကူဝိတ် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၇ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများ အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၇ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၆ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲ မရှိ တည်ငြိမ်နေကြောင်း သိရပြီး အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၉၈ | ၀.၈၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၄ | ၁.၀၂ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၉၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၆ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၉ | ၁.၉၀ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၇၄ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၃ | ၀.၉၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၅ | ၀.၉၈ |
| ၉ | လာအို | လီတာ | ၁.၃၉ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

### DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၂ | ၁.၀၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၁ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၀ | ၁.၀၈ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၉ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၉၇၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၃၁၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၁၀ နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၂၀၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၆၀၀၀၊ ဒီဇယ် တစ်လီတာလျှင်ကျပ် ၅၈၀၀၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၂၆၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၄၂၅၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၃၁၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၁၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၁၂၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၂၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရသည် ။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၁၀ ကျပ် ကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ဈေးကွက်တွင် ရေရှည်တည်တံ့ပြီး နာမည်ကောင်းရနေသော မော်လမြိုင် ကျွဲကောသီး

ခင်ကြည် (မွန်ပြည်နယ်)

မွန်ပြည်နယ်သည် ကျွဲကောသီးထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်အတွင်း ကျွဲကောစိုက်ဧက စုစုပေါင်း ၂၈၃၁ ဧကရှိပြီး ရေခံမြေခံကောင်းသဖြင့် ကျွဲကောစိုက်ပျိုးမှု၌ အောင်မြင်ဖြစ်ထွန်းသည်။ ကျွဲကောသီး အများဆုံး ထွက်ရှိသည့် မြို့နယ်များမှာ မော်လမြိုင်၊ ကျိုက်ထို၊ ဘီးလင်းနှင့် သထုံမြို့တို့ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် မွန်ပြည်နယ် ကျွဲကောသီးမှာ အကောင်းဆုံးဟု တင်စားအသိအမှတ်ပြုမှုခြင်းခံရသဖြင့် လက်ဆောင်ပေးခြင်း၊ ဝယ်ယူစားသုံးခြင်းနှင့် ကျန်းမာရေးဓာတ်စာတို့အတွက် ဝယ်ယူစားသုံးသူများပြားသည်။ ယခင်က ကျွဲကော ခြံသမားများက တစ်နိုင်စီးပွားသာလုပ်ကြပြီး ယခုအခါ ကျွဲကောသီး စိုက်ပျိုးမှုကို စီးပွားဖြစ် ပိုမိုလုပ်ကိုင်လာကြသည်။ ကျွဲကောသီးများမှာ စက်တင်ဘာနှင့် အောက်တိုဘာတွင် အများဆုံးအသီးထွက်ရှိပြီး တစ်နှစ်ပတ်လုံး အသီးမပြတ်ထွက်ရှိသဖြင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်လတ်မှုမရှိဘဲ ရာသီမရွေး ဝယ်ယူစားသုံးနိုင်သည်။

ယခုနှစ် ဩဂုတ်လအတွင်း ကျွဲကောသီး ဈေးနှုန်းများမှာ ကျွဲကောသီးတစ်လုံးလျှင် ပန်းရောင် အလုံးကြီး ကျပ် ၂၅၀၀-၄၀၀၀၊ အလုံးလတ် ကျပ် ၁၀၀၀-၂၀၀၀၊ အလုံးသေး ကျပ် ၇၀၀-၁၀၀၀ ကျပ်၊ ကျွဲကောသီး (အဖြူ) အလုံးကြီး ကျပ် ၂၅၀၀-၃၅၀၀၊ အလုံးလတ် ကျပ် ၁၀၀၀-၂၃၀၀၊ အလုံးသေး ကျပ် ၅၀၀-၉၀၀ ရှိပြီး အဆိုပါ ကျွဲကောသီးများကို မော်လမြိုင်ဈေးကွက်၊ မော်လမြိုင် - ရန်ကုန် ကားလမ်းတစ်လျှောက်နှင့် ရန်ကုန်၊ မန္တလေး ၊ နေပြည်တော်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။

မွန်ပြည်နယ်အတွင်း ကျွဲကောဇုန်ထူထောင်ရန် ရည်မှန်းချက်ရှိကြောင်း၊ ကျွဲကောထုတ်လုပ်မှု တိုးတက်လာပါက အဆင့်မြင့်ကျွဲကောယို၊ ကျွဲကောဝိုင် ထုတ်လုပ်ရန် ကျွဲကောဇုန်မှ ပြည်ပတင်ပို့နိုင်သည့် အဆင့်ထိရောက်ရှိစေရန် ရည်ရွယ်၍ ထူထောင်မည်ဖြစ်ကြောင်းသိရသည်။

ကျွဲကောသီးကို ကျန်းမာရေးအရ စားသုံးကြသည့်အတွက် စားသုံးသူများအနေဖြင့် အဖြူရောင် ကျွဲကော(အချိုသီး)နှင့် ပန်းရောင်ကျွဲကော (ချိုချဉ်သီး) နှစ်မျိုးလုံးတို့ကို ဝယ်ယူစားသုံးကြသည်။ နှလုံးကျန်းမာရေးကို ကောင်းမွန် စေသည်။ အသားအရေအတွက် အထူးကောင်းမွန်စေသည်။ collagen လည်းပါဝင်၍ အရေးအကြောင်းနှင့် အရွယ်မတိုင်ခင် အိုမင်းမှုကို လျှော့ချ၍ နုပျိုစေသည်။ ဆီးလမ်းကြောင်းတစ်လျှောက် ပိုးဝင်ခြင်းကြောင့် နာကျင်မှုများကို လျှော့ချပေးနိုင်သည်။ ရင်သားကင်ဆာနှင့် အူကင်ဆာ ဖြစ်ခြင်းများကို တားဆီးပေးနိုင်သည်။ Estrogen ပါဝင်ခြင်းကြောင့် ကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ထိန်းချုပ်ပေးပြီး အမျှင်ဓာတ်မှာ အူမကြီးကင်ဆာ မဖြစ်အောင် စွမ်းဆောင်ပေးနိုင်သည်။ အချဉ်ဓာတ်နှင့် အမျှင်ဓာတ်ပါဝင်၍ အစာ ခြေစနစ် ကောင်းမွန်စွာ လည်ပတ်နိုင်ပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးစေသည်။

ထို့ပြင် ကြွက်သားတင်းမာမှုကို ပြေလျော့စေသည် ကျွဲကောသီးတွင် အဆီပိုများကို လောင်ကျွမ်းစေပြီး ခန္ဓာကိုယ်အလေးချိန် ကျစေ၍ ပိန်စေနိုင်သော အင်ဇိုင်းဓာတ်ပါဝင်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုသော ကျွဲကောသီးကို အာဟာရအဖြစ်နှင့်သာမက ကျန်းမာရေးဓာတ်စာအတွက်ပါ စားသုံးကြသည်။ ယခုအခါ လူကြိုက်များ၍ မော်လမြိုင် ကျွဲကောသီးဟူ၍ နာမည်ကောင်းနှင့် ရပ်တည်နေသော မွန်ပြည်နယ်၏ ကျွဲကောသီးအကြောင်းကို ရေးသားလိုက်ရပါသည်။

# ဆန်နှင့် ဆန်ကွဲ တန်ချိန် တစ်သောင်းကျော် တင်ပို့

**ဆန်**

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၈၇၃ သန်း တန်ဖိုးရှိဆန်တန်ချိန် ၆၂၁၀၀ ကျော်တင်ပို့နိုင်ပြီး ဆန် တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၄၀၇၀၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၉၇၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၁၁၇၀၀ ကျော် တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအများဆုံး အာရှနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၀၀၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၈၂၇၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ၆၃၁၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၈၂၀၊ စင်ကာပူနိုင်ငံသို့ ၂၀၆ တန်၊ ဟောင်ကောင်သို့ ဆန် ၁၀၃ တန်ခန့် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တင်ပို့မှုမှာ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၇၀၀၊ ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၆၃၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၁၂၅၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၈၀၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၉၅၀၊ ပြင်သစ်နိုင်ငံသို့ဆန်တန်ချိန် ၅၅၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၊ အီတလီနိုင်ငံသို့ ဆန် ၃၇၅ တန်၊ ဟန်ဂေရီနိုင်ငံသို့ ဆန်တန်ချိန် ၂၆၀ တန်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ တန်၊ ဒိန်းမတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၆၀၊ စပိန်နိုင်ငံသို့ ဆန် ၁၇၅ တန်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၁၂၅ တန်၊ ဂျာမနီနိုင်ငံသို့ ဆန် ၅၂ တန်နှင့် ဂရိနိုင်ငံသို့ ဆန်တန်ချိန် အနည်းငယ် တင်ပို့ခဲ့သည်။

အာဖရိကနိုင်ငံများဖြစ်သော ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၉၅၀၀၊ မက်ဒါဂါစကာနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀ နှင့် မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၂၆၀ တင်ပို့ခဲ့သည်။ ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၄ သန်း တန်ဖိုးရှိဆန်တန်ချိန် ၂၈၇၀ ကျော် တင်ပို့ခဲ့ပြီး နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၆၅၀၀၀ ခန့်ရှိခဲ့ကာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၄၂၇ သန်း ရရှိခဲ့သည်။

**ဆန်ကွဲ**

ဩဂုတ် ၁ ရက်မှ ၂၃ ရက် ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၆၁ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၃၇၀၀ ကျော် တင်ပို့ခဲ့သည်။

ဆန်ကွဲတင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၉၂၀၀ ကျော်၊ အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၃၈၆၀ ကျော်နှင့် အာဖရိကနိုင်ငံဖြစ်သော ဆီနီဂေါနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၅၀ တင်ပို့သည်။

ဆန်ကွဲတင်ပို့သော အီးယူအဖွဲ့ဝင်နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ တန် ၂၆၅၈၀ ကျော်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀၀ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ ချက်သမ္မတနိုင်ငံသို့ ၁၀၀ တန်နှင့် နယူးဇီလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် အနည်းငယ်တင်ပို့သည်။

အာရှနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၆၂၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၂၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၇၈၀ ကျော်၊ ဗီယက်နမ် နိုင်ငံသို့ တန်ချိန် ၁၁၄၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၄ တန်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၇၇ တန်နှင့် ဟောင်ကောင်သို့ အနည်းငယ် တင်ပို့ခဲ့သည်။

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၇ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၇၀၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၅၈၄၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅၈၈ သန်းရရှိသည်။

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၂၃၄၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၀၁၅ သန်းခန့်ရရှိခဲ့သည်။

**DAAT**

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ



မြဝတီကုန်သွယ်ရေးဇုန်၏ ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၆ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန် ဒေါ်လာ သုည ဒသမ ၅၉၀ သန်း ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၆ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခင်တစ်ပတ်လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၇ သန်းပိုမိုခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၉၀၈ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၁ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် ပိုမိုခြင်းမှာ လယ်ယာထွက်ကုန် ပစ္စည်းအုပ်စုတွင် တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင် ယခင်ပတ်ထက်လျော့နည်းခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စုမှ တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၃ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုမှ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၇ သန်းနှင့် လူသုံးကုန်ပစ္စည်းအုပ်စုမှ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၈ သန်း တင်သွင်းမှုလျော့နည်းခဲ့ခြင်းဖြစ်သည်။

**အိမ့်(DOT)**

# ပခုက္ကူမြို့ ဘိလပ်မြေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ အခြေအနေ

ပခုက္ကူမြို့၌ ဩဂုတ်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော ဘိလပ်မြေဈေးနှုန်းများမှာ ကြံ့နစ်ကောင် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၊ အယ်လ်ဖာ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၊ အပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဩဂုတ်လ စတုတ္ထပတ်တွင် ဓာတ်မြေဩဇာ ဈေးနှုန်းများမှာ အာမိုယူရီးယား (50)kg ပါ တစ်အိတ်လျှင် ကျပ် ၉၃၀၀၀၊ ဩဘာ ယူရီးယား(50)kgပါ တစ်အိတ်လျှင် ကျပ်၉၆၀၀၀၊ ရွှေနဂါး ယူရီးယား တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ တရုတ်တီစူပါသံကွင်း (50)kgပါ တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ တရုတ်ပုလဲရွှေတောင် (50)kg ပါ တစ်အိတ်လျှင် ကျပ် ၈၈၀၀၀၊ မြန်မာ့ဩဘာ ရွှေကောမက် (50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ အာမိုကွန်ပေါင်း(50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၀၊ ဩဘာကွန်ပေါင်း (50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀၊ ကောမက်ကွန်ပေါင်း 15;15;15 (50kg) ပါ တစ်အိတ်လျှင် ကျပ်၁၃၈၀၀၀၊ တရုတ်အာမို 16;16;16 (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခုအချိန်တွင် သီးနှံများရိတ်သိမ်းပြီး သိုလှောင်ချိန်ဖြစ်သောကြောင့် ဈေးအနည်းငယ်တက်နေကြောင်း သိရသည်။

ယခု ဩဂုတ်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော ပိုးသတ် ဆေးဈေးနှုန်းများမှာ အာမိုမက်နီ ဖော့(500)cc တစ်ဘူးလျှင် ကျပ်၅၅၀၀၀၊ အာမိုမက်နီဖော့ တစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၃၀၀၀၊ အာမိုစတားတစ်လီတာ တစ်ဘူးလျှင် ကျပ်၆၇၀၀၀၊ အာမို အီမာတစ်လီတာဘူး တစ်ဘူးလျှင် ကျပ်၁၈၀၀၀၊ ဂျက်ကက် မင်းမဟော် (100)cc တစ်ဘူးလျှင် ကျပ်၁၅၀၀၀၊ ဩဘာပို့စ် (250) cc ဘူး တစ်ဘူးလျှင် ကျပ်၁၆၅၀၀၊ ဩဘာအဆီဖိတ် (500)gပါ တစ်ထုပ်လျှင် ကျပ်၃၂၅၀၀၊ ဩဘာငှက်ကြီးတောင် (100)cc တစ်ဘူးလျှင် ကျပ် ၂၈၀၀၀၊ ဩဘာငှက်ကြီးတောင် (250)cc တစ်ဘူးလျှင်ကျပ် ၆၂၀၀၀၊ မင်းမဟော်ဖော်ယူဘိုး (500)cc တစ်ဘူးလျှင် ကျပ် ၄၃၀၀၀၊ မင်းမဟော်ဖော်ယူဘိုး (250)cc တစ်ဘူးလျှင် ကျပ် ၂၃၀၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**စန်းမြင့်နို(ပခုက္ကူ)**

# ဩဂုတ်လအတွင်း ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေဩဇာ**

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၉၂၈ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၃၀၀၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၀၀၀၀ ခန့်၊ အိုမန်နိုင်ငံမှ တန်ချိန် ၂၅၅၀၀ ကျော်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၁၀၀ ကျော်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၄၉၀၀ ကျော်၊ တောင်ကိုရီးယားသမ္မတနိုင်ငံမှ တန်ချိန် ၄၈၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၄၆၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၄၅၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၃၂၀၀ ကျော်၊ ဘီလာရုစ်နိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ဉဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၉၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၆၂၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၂၅၀ ကျော်၊ ထိုင်ဝမ်မှ တန်ချိန် ၁၂၀ ကျော်၊ စင်ကာပူနိုင်ငံမှတန်ချိန် ၂၀ ကျော် တင်သွင်းခဲ့သည်။

နယ်စပ်ကုန်သွယ်မှုမှ ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၂၀ ကျော် ထိုင်းနိုင်ငံ မှ တင်သွင်းခဲ့သည်။

**ဘိလပ်မြေ**

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၉ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၃၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၈၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော် တင်သွင်းခဲ့သည်။

နယ်စပ်ကုန်သွယ်မှုမှ ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၂၉ သန်း တန်ဖိုးရှိဘိလပ်မြေတန်ချိန် ၅၃၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။

**နို့မှုန့်**

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၅ သန်း တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၄၇၀ ကျော် တင်သွင်းခဲ့သည်။ နယူးဇီလန်နိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံသို့ တန်ချိန် ၁၂၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၅၀ ကျော် တင်သွင်းခဲ့သည်။

**ဆေးဝါးပစ္စည်းများ**

ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၈၀ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၇၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရက်စ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဩဂုတ် ၁ ရက်မှ ၂၃ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၆ သန်း တန်ဖိုးရှိဆေးဝါးပစ္စည်းများ တန်ချိန် ၂၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။

**အိမ့် (DOT)**

ဗုဒ္ဓ ဓမ္မ သံဃ

**Myat Thida Trading Enterprise Co., Ltd.** မြတ်သီတာ

စက်မှုလယ်ယာသုံးဘောလ်ဘယ်ရင်များလက်လီလက်ကား
ဝယ်ယူရရှိနိုင်ပါသည်

NACHI
*Authorized Distributor*



ဘော(လ်)ဘယ်ရင်များနှင့်ကားကြီးကားလေးအပိုပစ္စည်းအမျိုးမျိုးဖြန့်ချိရေး

**Automotive Spare Parts And Ball Bearing**

*Agriculture Ball Bearing*
NSK NTN SLY ARB

*Joint Ball And Pillow Bearing*
FKD KCYC B. FK

*Oil Seal And O-Ring*
CORTECO NOK TORA

ရုံးချုပ် : အမှတ်(၆၆/၆၇)၊ နောင်ချိုးလမ်း၊ ဘုရင့်နောင်ဖွဲ့စက်ရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း : ၀၉၇၇၃၂၈၇၈၇၉၂၈၊ ၀၉၇၅၇၃၈၈၈၈၈၉၊ ၀၉၇၇၇၇၇၈၆၅၂
ဆိုင်ခွဲ : အမှတ်(၅၇/၆၅)၊ ၂၅ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့
ဖုန်း : ၀၉၉၉၄၁၅၅၅၆၀၀၀၊ ၀၉၉၉၄၂၅၅၅၆၀၀၀၊ ၀၉၉၉၅၀၂၄၆၆၈၃၉
Web : www.mtdbearing.com, F : @mto.com.mm

Industrial Process Engineering

Instrumentation | Calibration Service | Technical Support

**YOUR TRUSTED PARTER FOR INSTRUMENTS AND CALIBRATION**

- Temperature measurement
- Pressure measurement
- Level measurement
- Flow measurement
- Piping and accessories
- Industrial instrument distribution



CALTEK GROUP
COMMITMENT TO EXCELLENCE
ISO17025 Certified Lab

RUEGER CALGAZ YAMARI Dinel schneider

**Industrial Process Engineering Co., Ltd**
No. 718, Aung Chan Thar 7th street 7/West Ward, Tharketa Township, Postal Code 11231, Yangon Division, Myanmar
Office : 09 77520 8688 , 09 779 779 171, 09 779 779 940 , 09 777 42 4443
Email : contact@ipeclmm.com, sales@ipeclmm.com, sale01@ipeclmm.com, sale02@ipeclmm.com, admin@ipeclmm.com


# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

# Neoplast™

နီယိုပလက်စ်





PYEI PHYO AUNG CO., LTD.
Office : No. 74, Wadan St, Lanmadaw Township, Yangon, Myanmar.
Phone No. : +95 1 8228584, 8211124, 8223097, 2316119, 2316260
Fax No. : +95 1 8211821
E-mail : ppaoffice@gmail.com.
Website : www.ppagroups.com


RG
MYANMAR'S LEADING RICE EXPORTER
We, started from 2009, in the production, processing, and distribution of premium Myanmar White rice with our own brand name called "ZAW", catering to consumers and food service sectors in local.
Today we are focusing on rice export business to help to increase and distribute domestic products. We have been exporting to Europe, Africa, China and Southeast Asia market.
RICE G CO., LTD
YANGON, MYANMAR
ABOUT US
ဇော်
RICE G ဆန်ဇော်




READY
(၃)နှစ်ထား ကြိုက်တဲ့အချိန်
ဖောက်ကာစား
Manufactured by:
MAKRO MANUFACTURING CO., LTD.
No. 14, Thukhitar Street, Dagon Seikkan Industrial Zone (2),
Dagon Seikkan Township, Yangon, Myanmar.

LAMICO®
THE QUALITY AND EFFECT CREATED SURPASSINGNESS
Long An Machinery Industry Joint Stock Company (LAMICO) specializes in designing, manufacturing, and lump-sum supplying products and services as follow: processing line of paddy, rice, parboiled rice which capacity is from 2-100 tons/hr.
Add : 258/262, Strand Road, 12th Floor, Classic Strand Condo, Pabedan Township, yangon,Myanmar.
Ph : +95-9256344511, +95-9969936609
Email : lamico.myanmar@gmail.com.
web : http://www.lamico.com.vn.




Myanmar HOST
Build Your Business With Our Services!
Service Offered:
Web Design and Development
Web Hosting
Domain Registration
Email Services and Cloud Licensing
Microsoft 365
Google Workspace
Business Webmail
Online Media Advertising
Google Ads
Facebook Ads for Business
Purchasing Service for Digital Products & Licenses
Zoom
Antivirus
Desktop Support Tools
As per customer required
+95 9793333372, +95 9450002205, +95 933333372
https://store.myanmarhost.com
sales@myanmarhost.com
facebook.com/myanmarhost

TMT
TUN MYAT THU
International Co.,Ltd
Bean, Pulses, Yellow Maize, Palm Oil
Export & Import
Add : No.139, 1st Floor, Anawrahta Road, Lanmadaw Township, Yangon.
Ph : 09 5110681, 01 2300880, 01 2300890
Fax : 01-2300770
Ware House : 09 752830330
Email : tunmyatthu1961@gmail.com


# စွန့်ပစ်ပစ္စည်းများမှ ထုတ်လုပ်သော ထင်းအစားထိုး အဝိုင်းပေါက် မီးသွေး

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိကာ အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော နိုင်ငံတစ်ခုဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် လယ်ယာကိုင်းကျွန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသည်။ မူလအရင်းခံစွမ်းအင်ဖြစ်သည့် ၆၄ရာခိုင်နှုန်းကို လောင်စာ ထင်း၊ ထင်းမီးသွေးနှင့် ဇီဝဒြပ်ထုများမှ ရရှိသုံးစွဲကြသည်။

မြန်မာနိုင်ငံတွင် ထင်းသည် အိမ်သုံးလောင်စာဖြစ်သည်။ ကျေးလက်ဒေသများတွင် ထင်းနှင့် ပူးတွဲ၍ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော စပါးခွံ၊ ကြံကြိတ်ဖတ်များ၊ ထန်းလက်၊ ထန်းရွက်များ၊ သစ်ကိုင်းအစအနများကို အသုံးပြုကြသည်။ လောင်စာ ထင်းသုံးစွဲခြင်းသည် လူဦးရေတိုးတက်နှုန်းနှင့် တိုက်ရိုက်အချိုးကျ တိုးတက်လျက်ရှိကြောင်း ပညာရှင်များက လေ့လာ သုံးသပ်ထားသည်။ လောင်စာထင်းရရှိနိုင်သော အရင်းအမြစ်များမှာ သဘာဝ သစ်တောများ၊ သစ်တော စိုက်ခင်းများ၊ အိမ်ခြံမြေ စိုက်ခင်းများ၊ စုပေါင်းကျေးရွာသုံး ထင်းစိုက်ခင်းများနှင့် ကိုင်းဖျားကိုင်းနားတို့ဖြစ်ကြသည်။ လူဦးရေတိုးတက်လာသည်နှင့်အမျှ လောင်စာစွမ်းအင်သုံးစွဲမှု ပိုမိုလာသဖြင့် သစ်တောများ နှစ်စဉ်ပြုန်းတီးလာလျက်ရှိကြောင်း လေ့လာသိရှိရသည်။

သစ်တောပြုန်းတီးမှု၏ အကျိုးဆက်မှာ မိုးခေါင်ရေရှားမှုနှင့် သဲကန္တာရဖြစ်ထွန်းမှုကို ပြင်းထန်စွာ တွေ့ကြုံခံစားနိုင်ကြောင်း ပညာရှင်များက လေ့လာသုံးသပ် အဖြေထုတ်ထားသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသသည် သဲကန္တာရဖြစ်ထွန်းရန် အလားအလာရှိသော ဒေသများတွင် ပါဝင်သဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးအတွက် ဦးဆောင်ကြီးကြပ်သည့် ဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်းကျရောက်သော မြို့နယ်များသည် မိုးရေချိန်လက်မ ၄၀ အောက်ရရှိပြီး အပူချိန် ၄၈ ဒသမ ၂ဒီဂရီဆဲလ်စီးယပ်အထိ မြင့်မားပြီး ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလထိတိုင် ကြာရှည်သည်။ မြေတိုက်စားမှုများကာ အပေါ်ယံ မြေဆီလွှာ ကုန်ခန်းပြီး အပင်များသဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှသည်။ သစ်ပင်သစ်တောများ နည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့် အခြေအနေများကို တွေ့မြင်နိုင်သည်။



သဲကန္တာရ ဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်မှ သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ထင်းအစားအခြား လောင်စာတိုးမြှင့်သုံးစွဲရန် အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

နေအိမ်များတွင် နေ့စဉ်ချက်ပြုတ်မှုနှင့် စားသောက်ဆိုင်များတွင် ထင်းများ၊ မီးသွေးများအစား ကုန်ကျစရိတ် သက်သာစေပြီး၊ လောင်စာစွမ်းအင် ပိုမိုထိရောက်စေကာ သစ်တောပြုန်းတီးမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချစေနိုင်သော အဝိုင်းပေါက် မီးသွေးခြောက်တစ်ပိုင်တစ်နိုင် ထုတ်လုပ်နေသည်။

ပြည်တွင်းထုတ် မီးသွေးမှုန်နှင့် ရွှံ့စေးရည် ဖျော်စက်တစ်လုံး၏ တန်ဖိုးသည် ယခုပေါက်ဈေး ကျပ် ၃၅သိန်း တန်ဖိုးရှိပြီး ၁၅နှစ်ကြာ အသုံးပြုနိုင်သည်။ ကုန်ကြမ်းများအဖြစ် မီးသွေးအကြေ၊ စပါးခွံ ဖွဲပြာနှင့် ရွှံ့စေးရည်တို့ကို 75:5:20 အချိုး ရောစပ်သည်။ ကုန်ကြမ်းမီးသွေးအကြေများကို စစ်ကိုင်းမြို့နယ်ရှိ ကျေးရွာများမှ တစ်တင်းခွဲဝင် တစ်အိတ်လျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀ ကျပ်ပေးရပြီး၊ စပါးခွံကို လောင်စာအဖြစ် သုံးစွဲသည့် ဆန်စက်များမှ စွန့်ပစ်စပါးခွံဖွဲပြာကို

သန်းသန်းတင်(မုံရွာ)

ဈေးနှုန်းချိုသာစွာဖြင့် ရရှိကြောင်း၊ ရွှံ့စေးများကို ထော်လာဂျီတစ်စီးလျှင် ကျပ် ၃၅၀၀၀ ဖြင့် ဝယ်ယူရကြောင်း သိရသည်။

### t0kfay;ufrD;oGvkyfkiqifqif

အဝိုင်းပေါက်မီးသွေး ပြုလုပ်ရာတွင် ပထမဦးစွာ အချိုးကျရောစပ်ထားသော မီးသွေးအကြေနှင့် စပါးခွံဖွဲပြာတို့ကို အမှုန့်ကြိတ်စက်ဖြင့် အမှုန့်ကြိတ်သည်။ ၎င်းအမှုန့်များကို အရည်ဖျော်ထားသော ရွှံ့စေးရည်ဖြင့် ဖျော်စက်ထဲသို့ထည့်ကာ စေးခဲသည့် အထိထည့်၍ မွှေပြီး စေးတွဲပါက မြေကြီးပေါ်သို့ ပုံချကာ အဝိုင်းပေါက်ပါသော အချင်း ၅လက်မ ပုံစံခွက်ကလေးဖြင့် လူ၏လုပ်အား လက်ဖြင့် ပြုလုပ်၍ နေလှန်းစင်တွင် နှစ်ရက်ခန့် နေပူလှန်းပြီးလျှင် ရောင်းရန်အသင့်ဖြစ်သော ကုန်ချောအဝိုင်းပေါက် မီးသွေးခဲကလေးများ ရရှိသည်။

### ap;u GHfap;Eef

စက်မှုဇုန်ရှိ အဝိုင်းပေါက်မီးသွေး ထုတ်လုပ်သည့်လုပ်ငန်းသည် တစ်ရက်လျှင် ကုန်ကြမ်း မီးသွေးအကြေ တစ်တင်းခွဲဝင် အိတ် ၈၀ ခန့် အသုံးပြု၍ ကုန်ချောအဝိုင်းပေါက် မီးသွေးခဲ ၄၀ ပါ အိတ် ၁၀၀ ထုတ်လုပ်နိုင်ပြီး တစ်လလျှင် ကုန်ချောအိတ်ပေါင်း ၃၀၀၀ ခန့် ထုတ်လုပ်နိုင်သည်။ လုပ်သား ၁၀ ဦးခန့်ကို ပုတ်ပြတ်စနစ်ဖြင့် ငှားရမ်းထားရာ တစ်ဦးတစ်လလျှင် ပျမ်းမျှ ကျပ်နှစ်သိန်းခွဲမှ သုံးသိန်းထိ လုပ်ခလစာ ရရှိသည်။ ရောင်းဈေးနှုန်းမှာ အဝိုင်းပေါက် မီးသွေးခဲ ၄၀ ပါ တစ်အိတ်လျှင် ကျပ် ၄၈၀၀ မှ ၅၀၀၀ ကျပ် ဈေးနှုန်းဖြင့် စစ်ကိုင်းမြို့နယ်တွင်းနှင့် မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးမြို့၊ တံတားဦး၊ အမရပူရ၊ မြစ်ငယ်တို့သို့ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ထင်းအစားထိုး လောင်စာတောင့်အမျိုးမျိုး ထုတ်လုပ်ခြင်းသည် အသေးစားစက်မှုလက်မှု လုပ်ငန်းတစ်ခုဖြစ်ပြီး၊ ထင်းအစားအခြားလောင်စာကိုသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေသည်။ ထင်း/မီးသွေး အစားထိုး အခြားလောင်စာတောင့်အမျိုးမျိုးကို ကျေးလက်နှင့် မြို့ပြနေပြည်သူများ ပိုမိုသုံးစွဲသည့် အလေ့အထများပြားလာသည်နှင့်အမျှ လောင်စာတောင့်ထုတ်လုပ်သည့် လုပ်ငန်းများသည် ရေရှည်ဆက်လက်တည်တံ့နေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---

# ကျန်းမာရေးအတွက် စားသုံးဆီ

မြန်မာနိုင်ငံသည် ဆီစားသုံးမှုနှုန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဆီထွက်သီးနှံများကို ပြည်တွင်းတွင်လည်း စိုက်ပျိုးပြီး ပြည်ပမှလည်း စားသုံးဆီများကို တင်သွင်းလျက်ရှိသည်။ စားအုန်းဆီကို ပြည်တွင်းတွင် အများဆုံးစားသုံးကြပြီး မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကိုလည်း စားသုံးကြသည်။

အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် အိန္ဒိယ စသောနိုင်ငံများတွင် ပဲပုပ်မှဆီထုတ်လုပ်နေကြပြီး ပဲပုပ်ဆီသည် ကမ္ဘာ့ဆီထွက်ရှိမှု၏ ၅၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ ထို့အတူ စားသုံးဆီအမျိုးအစားထဲတွင် ပါဝင်သော မုန်ညင်းဆီတွင် ဆီပါဝင်မှုမှာ ၄၀ ရာခိုင်နှုန်းရှိကြောင်း၊ ဥရောပနှင့် တရုတ်၊ ကနေဒါ၊ ဩစတြေးလျနိုင်ငံများတွင် မုန်ညင်းဆီကို စိုက်ပျိုးကြပြီး မုန်ညင်းဆီသည် ကမ္ဘာ့ဆီထွက်ရှိမှုနှုန်း၏ ၁၈ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းအထက်ရှိသော နေကြာဆီတွင် ဆီပါဝင်မှုနှုန်းသည် ၂၂ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ နေကြာဆီသည် ကမ္ဘာ့ဆီ သီးနှံထွက်ရှိမှုတွင် တတိယအများဆုံးဖြစ်ပြီး ရုရှား၊ ယူကရိန်းနှင့် အာဂျင်တီးနားနိုင်ငံများတွင် အများဆုံးစိုက်ပျိုးထုတ်လုပ်ကြကြောင်း သိရသည်။

စားသုံးဆီအမျိုးအစားများအနက် နေကြာဆီသည် စားသုံးရန် အသင့်တော်ဆုံးဖြစ်ပြီး ပြည့်ဝဆီပါဝင်မှုမှာ ၁၀ ရာခိုင်နှုန်းသာရှိသည့်အတွက် အခြားဆီများထက် ပိုမိုရောင်းချရပြီး ချက်ပြုတ်ရာတွင်သာမက အလှကုန်အဖြစ်လည်း သုံးစွဲကြသည်။ ထို့အပြင် နေကြာဆီတွင် ဗီတာမင်အီးကြွယ်ဝသည့်အတွက် အရွယ်တင်နုပျိုခြင်း၊ သွေးတွင်း ကိုလက်စထရောများကို လျှော့ချနိုင်ခြင်း စသည့် ကောင်းကျိုးများကို ရရှိစေသည်။

ထို့အတူ မြေပဲဆီတွင် မပြည့်ဝဆီပါဝင်ခြင်း၊ ကိုလက်စထရောမပါဝင်ခြင်း၊ ပြည့်ဝဆီ ပါဝင်မှုနည်းသည့်အတွက် နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ စားသုံးဆီ ၁ ဂရမ်ကို စားပြီးတိုင်း အင်အားဓာတ် (စွမ်းအင်) ၉ ကီလို ကယ်လိုရီ ရရှိစေပြီး ထိုကဲ့သို့ရရှိလာသောစွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုတွင် အသုံးပြုကြရသည်။

ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသော အစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည်ပမာဏထက် ပိုမိုစားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေနိုင်ပြီး ကိုယ်အလေးချိန်တိုးလာပြီး အဝလွန်လာနိုင်သည်။ ထို့အပြင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ရောဂါဝေဒနာများကိုလည်း ခံစားရလာနိုင်သည်။ ထို့ကြောင့် စားသုံးဆီကို လိုအပ်သည်ထက်ပိုမစားမိစေရန် သတိပြုဆင်ခြင်ရမည် ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံတွင်လည်း ဆီထွက်သီးနှံ



များ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဆီလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်အစိုးရမှ ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးကာ စီမံကိန်းများချမှတ်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ စသည်တို့ကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဆီထွက်သီးနှံ စိုက်ဧက ၈ ဒသမ ၃ သန်းခန့်ရှိကြောင်း သိရှိရသည်။

aeriFa0;if; (awmif;i)

# ဆန်ဆိုင်များအား သိုလှောင်ရုံမှတ်ပုံတင်စနစ်အတွင်း ထည့်သွင်းနိုင်ရေး စီစဉ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆန်သိုလှောင်ရုံမှတ်ပုံတင်စနစ်တွင် အသေးစား၊ အလတ်စား ဆန်ဆိုင်များအား ထည့်သွင်းနိုင်ရေး စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

"အခုလို အငယ်စားလုပ်ငန်းတွေရဲ့ စာရင်းကအစ ပါဝင်ဆောင်ရွက်သွားနိုင်မယ်ဆိုရင် ဆန်စပါးကဏ္ဍကို ခေတ်မီဒီဂျစ်တယ်နည်းလမ်းတွေ နဲ့ ပြောင်းလဲပြီး စီမံခန့်ခွဲဖို့အတွက် လွယ်ကူသွားမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သိုလှောင်ရုံတွေမှာ သတ်မှတ်ထားတာကတော့ နောက်ဆုံး ဆန်ဆိုင်တွေကအစ သိုလှောင်မှု မှတ်ပုံတင်တဲ့ စနစ်ထဲ ထည့်ရမယ်။ အသေးစား၊ အငယ်စားလေးတွေ ၁၀ ပေ၊ ပေ ၂၀ ပတ်လည် အလျား ၁၀ ပေ အနံပေ ၂၀ ဆိုင်ခန်းလေးတွေနဲ့ ဆန်ရောင်းတဲ့သူတွေလည်း မှတ်ပုံတင်တဲ့ထဲ ထည့်ရမှာပဲ၊ ဒါပေမယ့် သူတို့အတွက် မှတ်ပုံတင်ကြေးမတောင်းဘူး မှတ်ပုံတင်ကြေးပေးစရာမလိုဘူး။ ဒါပေမယ့် မှတ်ပုံတော့တင်ရမယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောဆိုသည်။

ယင်းသို့ ဆန်ဆိုင်များအား မှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်ပါက သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်ဖြင့် သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။






## MAEX မှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာအပေါ် အမြတ်ငွေအား စက်တင်ဘာလတွင်း ထုတ်ပေးမည်

တညင်းကုန်းလက်ကားဈေးအား စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည့် မြန်မာအက်ဂရိအိတ်စ်ချိန်း အများနှင့် သက်ဆိုင်သောကုမ္ပဏီ (MAEX) မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာအပေါ် အမြတ်ငွေများအား ၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့မှစတင်ကာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုအား ကျပ် ၂၀၀ ခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ပြီး ကုမ္ပဏီ၏ အမြတ်ဝေစု ခွဲဝေပေးကာလတစ်လျှောက် ပမာဏအများဆုံးဖြစ်လာကာ ခွဲဝေမှုအတွက် ကျပ်သိန်းပေါင်း ၄၇၆၁၀ ထုတ်ပေးသွားရန် MAEX ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားကြောင်း သိရသည်။

"၄၂ ဒသမ ၇၇ ရာခိုင်နှုန်းသော သာမန်ရှယ်ယာရှင်တွေဟာ မိမိမှာရှိတဲ့ စုငွေတွေထည့်သွင်းပြီး ရင်းနှီးမြှုပ်နှံထားတဲ့ အနေအထားရှိတယ်။ ဒါတွေအားလုံးအတွက်ကို အမြတ်ဝေစုတွေ ခံစားနိုင်ပြီး မိမိတို့ရဲ့ စားဝတ်နေရေး တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု MAEX ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆိုသည်။

"သုံးထပ်၊ လေးထပ် Shop House တွေ၊ နှစ်ထပ် Medium whole sale တွေကို ရောင်းချလို့ရတဲ့ ဝင်ငွေတွေ၊ ဈေးလုပ်ငန်းတွေက ဝင်ငွေများဟာ စုစုပေါင်းအမြတ်အစွန်းအတွက် သိသိသာသာ တိုးတက်မှုကို အထောက်အကူပြုခဲ့ပါတယ်"ဟု MAEX ဒုတိယဥက္ကဋ္ဌ ဦးမင်းစိန်က ပြောဆိုသည်။

မြန်မာအက်ဂရိအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (MAEX) အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ထပ်မံတည်ဆောက်သည့် ဈေးရုံအမှတ် ၅ ပြီးစီးခဲ့ပြီး ဈေးရုံအမှတ် ၇ လည်း ပြီးစီးလုနီးပါး အခြေအနေကြောင့် လာမည့် အောက်တိုဘာလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအက်ဂရိအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (MAEX) သည် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်စတော့ အိတ်ချိန်းသို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်(MAGDPL) မှ ရှယ်ယာများ စတင်ရောင်းချနေ

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ (MAGDPL) မှ ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် (PLB)တွင် ရှယ်ယာများစတင်ရောင်း ချပေးလျက်ရှိကြောင်း သိရသည်။

အများပိုင်ကုမ္ပဏီများအနေဖြင့် အရင်းအနှီးဈေးကွက်မှတစ်ဆင့် အရင်းအနှီးရယူ စုစည်းနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်စတော့အိတ်ချိန်းတွင် မူလရှိပြီး စာရင်းဝင် ဈေးကွက်အပြင် နိုင်ငံတကာ စတော့အိတ်ချိန်းများကဲ့သို့ ဒုတိယဈေးကွက်အဖြစ် စာရင်းဝင်အကြိုဈေးကွက် (Pre-listing Board-PLB) သို့ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် ဝင်ရောက်လာ ပြီး ရှယ်ယာတစ်စုလျှင် ကျပ် ၂၀၀၀၀ ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီအနေဖြင့် ရှယ်ယာဈေးအား အခြေခံဈေးနှုန်း ကျပ် ၂၀၀၀၀၊ အမြင့်ဆုံးဈေးနှုန်း ကျပ် ၂၅၀၀၀၊ အနိမ့်ဆုံးဈေးနှုန်း ကျပ် ၁၅၀၀၀ သတ်မှတ်ထားသည်။ စာရင်းဝင်အကြိုဈေးကွက် Pre Listing Board (PLB) တွင် ပထမဦးဆုံး မှတ်ပုံတင်ကုမ္ပဏီအဖြစ် လယ်ယာထွက်ကုန်နှင့်ဆိုင်သည့် (MAGDPL) ကုမ္ပဏီမှ ဩဂုတ် ၁၄ ရက်မှစတင်ကာ ဈေးကွက်ထဲတွင် ရှယ်ယာများစတင်ရောင်း ချခဲ့ခြင်းဖြစ်သည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ အလုပ်အမှုဆောင်များ အများစုပါဝင်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များမှ ဦးဆောင်၍ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်ထိ အစုရှယ်ယာရှင် ၁၀၉ ဦးမှ အစုရှယ်ယာ တစ်စုလျှင် ကျပ် ၁၀၀၀၀ ဖြင့် အစုရှယ်ယာအရေအတွက် ၁၀၀၆၀၃၅ ကို ထည့်ဝင်ထားပြီးဖြစ်ကြောင်း သိရသည်။




## ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပြီး အလုပ်လျှောက်လွှာ သက်တမ်းကျန်သူများ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားနိုင်

၂၀၂၂ ခုနှစ်တွင် Employment Permit System-EPS စနစ်ဖြင့် ကိုရီးယားဘာသာ အရည်အချင်းစစ် စာမေးပွဲ EPS-TOPIK စာမေးပွဲကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြင့် ဖြေဆိုအောင်မြင်၍ အလုပ်လျှောက်လွှာသက်တမ်းကျန်ရှိပြီး အလုပ်ရှင်နှင့် မိတ်ဆက်မခံရသေးသူများ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီများထံမှ သိရသည်။

လက်ရှိတွင် HRD-Korea မှ ပေးပို့လာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရှိသူ ၁၃၆၆ ဦးရှိကြောင်းသိရပြီး အမည်စာရင်းနှင့် စာမေးပွဲဖြေဆိုခွင့် အမှတ်စဉ်များကိုပါ ပူးတွဲကြေညာပေးထားကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့ခြင်းသည် အလုပ်အကိုင် ရရှိမည်ဟု အာမ မခံပါကြောင်းနှင့် EPS စနစ်အရ အလုပ်ရှင်စိတ်ကြိုက် ရွေးချယ်ခြင်းသာဖြစ်ကြောင်း၊ သစ်တောလုပ်ငန်းအတွက် တန်းစီဇယားလုံလောက်ပါက မူလလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသို့ ပြန်လည် ပြောင်းရွှေ့ခွင့်ပြုကြောင်း သိရသည်။

ကိုတိုး-စုစည်းသည်

# “မနှစ်က ဆန်အဟောင်းလည်း ရှိတဲ့အတွက် ပြည်တွင်းဆန်ဖူလုံမှုက အပြည့်အဝရှိပါတယ်”

## မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်တွင်းတွင် ဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရေးတို့အား အလေးထား ဆောင်ရွက်လျက်ရှိသည်။ ဆန်စပါးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြသော တောင်သူလယ်သမားများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများဖြစ်သည့် ကုန်သည်၊ စက်ပိုင်၊ ကုမ္ပဏီများအတွက် ထုတ်လုပ်မှုနည်းပညာရရှိမှု၊ ဈေးကွက်ဝေစုရရှိမှု၊ ဘဏ္ဍာငွေကြေးပိုင်းနှင့် အရည်အသွေးစီမံခန့်ခွဲမှု အပိုင်းတို့တွင် တတ်နိုင်သမျှ ကူညီပံ့ပိုးပေးခြင်းနှင့် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီထောက်ပံ့ပေးခြင်းတို့အား ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ပြည်တွင်းဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုမျိုး ဆောင်ရွက်နေပါသလဲ။**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ ပြည်တွင်းမှာ ဆန်စပါးဖူလုံရေးနဲ့ ဆန်ဈေးနှုန်း တည်ငြိမ်စေရေးတို့ကို အလေးပေး ဆောင်ရွက်နေပါတယ်။ ကုန်သွယ်မှုပိုင်းမှာလည်း ပြည်တွင်းဈေးကွက်ကို ဆန်တွေ ဖြန့်ဖြူးပေးတဲ့အပိုင်းအပြင် ပြည်ပဈေးကွက်ကို တင်ပို့တဲ့အပိုင်းတွေကိုလည်း တောက်လျှောက်ဆောင်ရွက်နေပါတယ်။ လက်ရှိအသင်းချုပ်မှာ အသင်းဝင်ကုမ္ပဏီပေါင်း တစ်ထောင်ကျော်ရှိပါတယ်။ အဲဒီလိုပဲ အသင်းချုပ်ရဲ့ အသင်းဝင်ဆန်စက်တွေ တောင်သူလယ်သမားအသင်းဝင်တွေ တစ်သောင်းကျော်လောက် ရှိပါတယ်။



ကျွန်တော်တို့အနေနဲ့ကတော့ လုပ်ငန်းတွေ လုပ်ကိုင်တဲ့နေရာမှာ အခက်အခဲတွေကတော့ မျိုးစုံပါပဲ။ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။ ဒီအခက်အခဲ စိန်ခေါ်မှုတွေကို ကျော်ဖြတ်တဲ့နေရာမှာ အဓိကလုပ်ငန်းရှင်တွေရဲ့ တိုင်ပင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအင်အားနဲ့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဆန်စပါးဈေးကွက် တည်ငြိမ်မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်သူလယ်သမားတွေရဲ့မျှော်မှန်းချက်၊ ဆန်စက်လုပ်ငန်းရှင်တွေရဲ့ မျှော်မှန်းချက်၊ ကုန်သည်တွေရဲ့ မျှော်မှန်းချက် ဒါတွေကို ပေါင်းစပ်ရမယ်။ တောင်သူလယ်သမားတွေမှာလည်း သူတို့ရဲ့ လိုအပ်ချက်၊အခက်အခဲတွေ မော်မှန်းချက်တွေရှိပါတယ်။

**ဒီလိုမျိုး ဆောင်ရွက်နေတဲ့နေရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

ဆန်စက်လုပ်ငန်းတွေဆိုရင်လည်း လျှပ်စစ်ဓာတ်အား ရရှိဖို့ အခက်အခဲတွေ ရှိပါတယ်။ စပါးဝယ်ဖို့အတွက် ငွေကြေးလိုအပ်ချက်၊ နေရာဒေသတစ်ခုနဲ့ တစ်ခုမှာလည်း မတူညီတာတွေရှိပါတယ်။ တစ်ဖက်မှာလည်း ဓာတ်မြေဩဇာ သွင်းအားစုတွေ ပြည်တွင်းကို လွယ်လွယ်ကူကူ ချောချောမွေ့မွေ့နဲ့ ရောက်ရှိဖို့လိုပါတယ်။ လက်ရှိမှာလည်း ကျေးရွာတွေမှာ သဘာဝမြေဩဇာ ပညာပေးလုပ်ငန်းစဉ်တွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာလည်း ဆန်စပါးလုပ်ငန်းရဲ့ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းတွေကနေ ထုတ်ကုန်တွေ ထုတ်တဲ့လုပ်ငန်းစဉ်တွေပေါ့။ စပါးခွံကနေ လျှပ်စစ်ထုတ်တာတို့၊ ဖွဲနုကနေဆီထုတ်တာတို့ လုပ်ငန်းစဉ်တွေလည်း ဆောင်ရွက်နေပါတယ်။ ဆန်စပါးနဲ့ပတ်သက်တဲ့ မျိုးစေ့ထုတ်တဲ့တောင်သူတွေ၊ ကုမ္ပဏီတွေ၊ အသင်းအဖွဲ့တွေကိုလည်း တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။ တစ်ဖက်မှာလည်း ပြည်တွင်းစားသုံးမှု များပြားတဲ့ ပေါ်ဆန်းဈေးနှုန်းတွေ တည်ငြိမ်အောင်၊ ပေါ်ဆန်းနဲ့ပတ်သက်ရင် အရည်အသွေး အာမခံချက်တွေရှိအောင် စီစဉ်ဆာင်ရွက်နေပါတယ်။

**ဆန်စပါးသိုလှောင်ရုံတွေကို အွန်လိုင်းကနေ မှတ်ပုံတင်စနစ်နဲ့ ဆောင်ရွက်မှုအခြေအနေလည်း သိပါရစေ။**

သိုလှောင်မှု မှတ်ပုံတင်စနစ်ဖြစ်တဲ့ MyRo ကို နိုဝင်ဘာလမှာ စတင်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့အချိန်အထိဆို သိုလှောင်ရုံအရေအတွက် တစ်နိုင်ငံလုံးမှာ ၃၀၀၀ ကျော် ပါဝင်လာပြီဖြစ်တယ်။ ထပ်ပြီးတော့ သိုလှောင်မှုမှတ်ပုံတင်တဲ့စနစ်မှာ သိုလှောင်မှုတွေအားလုံး ပါဝင်နိုင်အောင် တိုက်တွန်းနှိုးဆော်ပြီးတော့ ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။ လတ်တလောမှာတော့ ရာသီဥတုပြောင်းလဲမှုတွေကြောင့် မိုးရာသွန်းမှုတွေကအရမ်းများပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မိုးစပါး စိုက်ပျိုးဧရိယာထဲက ဧကတစ်သန်းနီးပါးလောက် ရေလွှမ်းတဲ့ဒဏ်ကို ခံရတယ်။ ရေလွှမ်းတဲ့ အနေအထားကတော့ စပါးသီးနှံက ရေရဲ့ ဒဏ်ကိုတော့ အထိုက်အလျောက် ခံနိုင်တယ်။ တချို့ ရေကျသွားတဲ့ နေရာမှာတော့ ဘာမှသိပ်ပြီးတော့ ဆောင်ရွက်ဖို့ မလိုအပ်တဲ့ အနေအထားမှာရှိပါတယ်။ တချို့နေရာမှာတော့ ပျိုးခင်းတွေ ရေမြုပ်တဲ့နေရာမှာ ပြန်စိုက်ရတာတွေ ရှိပါတယ်။ ဒီအပေါ်မှာ နိုင်ငံတော်အစိုးရဘက်ကလည်း ထိုက်သင့်တဲ့ ပံ့ပိုးကူညီမှုတွေလုပ်တယ်။ အောက်ခြေမှာရှိတဲ့ ဆန်စက်လုပ်ငန်းရှင်တွေကို ဆန်စပါးအသင်းချုပ်အနေနဲ့ ထိုက်သင့်တဲ့ ကူညီမှုတွေ လုပ်ဆောင်ပေးဖို့ စီစဉ်ထားပါတယ်။

**တိုပွ**

**ပြည်တွင်းဆန်ဖူလုံမှုနဲ့ ပတ်သက်ပြီး အများပြည်သူသိရှိအောင် ပြောကြားပေးပါဦး။**

လတ်တလောမှာတော့ ဆန်ဈေးအနေနဲ့ တည်ငြိမ်တဲ့အနေအထားမှာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆန်လည်း လုံလုံလောက်လောက်ရှိပါတယ်။ ဆန်အဟောင်းလည်းရှိပါတယ်။ မနှစ်က ဆန်အဟောင်းလည်းရှိတဲ့အတွက် ပြည်တွင်းဆန်ဖူလုံမှုက အပြည့်အဝ ရှိပါတယ်။ ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်စရာတော့ မရှိပါဘူး။ ဈေးနှုန်းအနေနဲ့လည်း ထိန်းသိမ်းဆောင်ရွက်နေတဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့် စောင့်ကြည့်ရမှာကတော့ ဒီနှစ်ရာသီဥတုပေါ့။ ဩဂုတ်လဆို မိုးစပါးစိုက်ပျိုးတဲ့ ရာသီတစ်ဝက်ကျိုးလာပြီပေါ့။ မိုးစပါးဧက ၁၅ သန်းလောက် စိုက်ပျိုးပြီးပါပြီ။ ဧကတစ်သန်းလောက်မှာ ရေလွှမ်းမိုးမှုဒဏ်ခံရတယ်။ ကျန်တဲ့ ၁၃ သန်းကျော်လောက်ကတော့ ပုံမှန်အခြေအနေမှာရှိပါတယ်။ အဲဒီလိုပဲ နွေစပါးလည်း စိုက်ဖို့ရှိသေးတယ်။ မိုးစပါးစိုက်ထားတဲ့ အနေအထားမှာ မိုးနှောင်းကာလဖြစ်တဲ့ ဩဂုတ်လကုန် စက်တင်ဘာ၊ အောက်တိုဘာလတွေမှာ ရာသီဥတု ဘယ်လိုဖြစ်မလဲဆိုတာတော့ ပြောလို့မရသေးပါဘူး။ လက်ရှိမှာတော့ ပြည်တွင်းဆန်ဖူလုံမှုကတော့ လုံလုံလောက်လောက်ရှိတဲ့အတွက် ဘာမှ စိုးရိမ်စရာမရှိဘူး။ ဈေးလည်း တက်နိုင်သလောက် တည်ငြိမ်အောင် ဝိုင်းပြီးတော့ ထိန်းသိမ်းဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

တစ်ဖက်မှာလည်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေး ဈေးကွက်ကြီးသုံးခုကို ဆန်တွေ အဝင်အထွက်မှန်ကန်ဖို့နဲ့ ဆန်ဈေးနှုန်းတွေတည်ငြိမ်ဖို့ ရည်ညွှန်းဈေးနှုန်းတွေနဲ့ ရောင်းချဖို့ ဖော်ဆောင်နေတဲ့ အနေအထားဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ပြည်သူလူထုအတွက် သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့ အစီအစဉ်တွေလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိက ဈေးကွက်စီးပွားရေးစနစ်နဲ့ သွားတာဖြစ်တဲ့အတွက် ဝယ်ရောင်းတဲ့ အပေါ်မှာ တောင်သူတွေကလည်း လွတ်လွတ်လပ်လပ် ရောင်းနိုင်တယ်။ ဆန်စက်ပိုင်ရှင်တွေကလည်း လွတ်လွတ်လပ်လပ်ရောင်းနိုင်တယ်။ ဒါပေမယ့် ရည်ညွှန်းဈေးရှိတာ ဖြစ်တဲ့အတွက် ရည်ညွှန်းဈေးနဲ့ အားလုံးရောင်းရမယ့် အနေအထားရှိပါတယ်။ ရည်ညွှန်းဈေးကို ကျော်လွန်ပြီးတော့ ဆောင်ရွက်လို့မရတဲ့အနေအထားရှိပါတယ်။ ဒီဟာကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။



# စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဒေသထွက်ကုန်များအား ဒေသဆိုင်ရာအညွှန်း (GI) ဖြင့် ကာကွယ်ပေး

မူပိုင်ခွင့်ဦးစီးဌာန

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝ ကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် သဘာဝအတိုင်းထွက်သော ကုန်ပစ္စည်းများ၊ သဘာဝအရင်းအမြစ်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လယ်မြေယာမြေများမှ ထွက်ရှိသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထွက်ကုန်များ များစွာ ထွက်ရှိသည့်အပြင် လက်မှုဆိုင်ရာ ထွက်ကုန်ပစ္စည်းများလည်း အလွန်ပေါများ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ဒေသ ထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးသည် နိုင်ငံတစ်ဝန်းနှင့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများတွင် ထင်ပေါ်ကျော်ကြား၍ လူကြိုက်များသော ထွက်ကုန်ပစ္စည်းများဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ အဆိုပါ ထင်ပေါ်ကျော်ကြား၍ အရည်အသွေး ကောင်းမွန်သည့် ထွက်ကုန်ပစ္စည်းများကို ဈေးကွက်ပိုမိုမြှင့်တင်ရန်၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်၊ ဒေသထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၏ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စားသုံးသူများက ယုံကြည်စိတ်ချစွာနှင့် အရည်အသွေးမှန်ကန်စွာ သုံးစွဲနိုင်ရန်တို့အတွက် ဒေသဆိုင်ရာ အညွှန်းအဖြစ် မှတ်ပုံတင် အကာအကွယ် ရယူနိုင်ရေးကို အလေးထား ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

### ဒေသဆိုင်ရာအညွှန်း (Geographical Indications - GI) ဆိုသည်မှာ

ဒေသဆိုင်ရာအညွှန်းဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာနိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ခေါ်ဆိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒေသထွက်ကုန်များကို ထွက်ကုန်ပစ္စည်း ထွက်ရှိရာ နယ်မြေဒေသအမည်နှင့် ထွက်ကုန်ပစ္စည်း၏ အမျိုးအမည်ကို တွဲစပ်၍ ခေါ်ဝေါ်လေ့ရှိကြသည်။ ဥပမာအားဖြင့်ဆိုလျှင် ရွှေဘိုပေါ်ဆန်း၊ ရှာငံကော်ဖီ၊ ကျောက်ဆည်စိန်တလုံး သရက်သီး၊ ပုဂံယွန်းထည်၊ ပုသိမ်ထီး စသည်တို့သည် မြန်မာနိုင်ငံတွင် ဒေသထွက်ကုန်ပစ္စည်းများအဖြစ် လူသိများ ကျော်ကြားပြီး ဒေသဆိုင်ရာ အညွှန်းအဖြစ် မှတ်ပုံတင်နိုင်ရေးအတွက် အလားအလာရှိသည့် ထွက်ကုန်ပစ္စည်းများပင်ဖြစ်သည်။

### မှတ်ပုံတင်သည့်စနစ်နှင့်လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လျက်ရှိပြီး ယင်းအဖွဲ့နှစ်ခုကြားရှိ ကုန်သွယ်မှုနှင့် ဆက်နွယ်သော မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက် (TRIPS) နှင့် အညီ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေ(၄)ရပ်ဖြစ်သည့် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ လက်ရှိကာလ ၂၀၂၄ ခုနှစ်တွင် အဆိုပါ မူပိုင်ခွင့်ဥပဒေ(၄)ရပ်စလုံးသည် အာဏာသက်ဝင် ကျင့်သုံးဆောင်ရွက်နိုင်နေပြီဖြစ်သည်။ အဆိုပါ မူပိုင်ခွင့်ဥပဒေ(၄)ရပ်မှ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၏အောက်တွင် ဒေသဆိုင်ရာ အညွှန်းအား မှတ်ပုံတင်နိုင်ရန် ပြဋ္ဌာန်းချက်များ ထည့်သွင်း ပြဋ္ဌာန်းထားသည်။ ဒေသဆိုင်ရာ အညွှန်းအား မူပိုင်ခွင့် အမျိုးအစားတစ်ခုအဖြစ် မှတ်ပုံတင်၍ မူပိုင်ခွင့်အကာအကွယ်ပေးခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာ အညွှန်း မှတ်ပုံတင်ခြင်းအတွက် တာဝန်ခံဌာနဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ မှတ်ပုံတင်စနစ်ပေါ်ပေါက်လာရေးအတွက် လိုအပ်သော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ အနေဖြင့် လျှောက်ထားခြင်း၊ လျှောက်ထားသည့်နေ့ရက် သတ်မှတ်ခြင်း၊ စစ်ဆေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကြေညာခြင်းအပေါ် ကန့်ကွက်မှုများ ပေါ်ပေါက်လာပါက အသေးစိတ် စစ်ဆေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း (ခွင့်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း)၊ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

### မှတ်ပုံတင်ခွင့်ရရှိနိုင်သော ကုန်ပစ္စည်းများ

သဘာဝအရ ထွက်သော ကုန်ပစ္စည်းများ သို့မဟုတ် သဘာဝအရင်းအမြစ်မှ ထွက်သော ကုန်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထွက်ကုန်ပစ္စည်းများ၊ စက်မှု/လက်မှုဆိုင်ရာ ထွက်ကုန်ပစ္စည်းများကို ထုတ်လုပ်သော ဒေသအတွင်းရှိ ပုဂ္ဂိုလ်များ၊ သဘာဝအရင်းအမြစ် ထွက်ကုန်ထုတ်လုပ်သူများ၊ စိုက်ပျိုးရေးမွေးမြူရေးထွက်ကုန် ထုတ်လုပ်သူများ၊ ရိုးရာစက်မှုလက်မှု ထုတ်ကုန်ထုတ်လုပ်သူများ၊ သက်ဆိုင်ရာကုန်ပစ္စည်း ထုတ်လုပ်သူများ၏ အကျိုးစီးပွား ကိုယ်စားပြုသည့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ နှင့် နိုင်ငံတွင်းရှိ အခွင့်ရအာဏာပိုင် အဖွဲ့အစည်းများသည် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ရှိမည်ဖြစ်သည်။ ဒေသဆိုင်ရာ အညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိသော ဖော်ပြချက်များနှင့် ဒေသဆိုင်ရာ အညွှန်းကို သုံးစွဲမည့်ကုန်ပစ္စည်းသည် အများသုံး ဝေါဟာရ၊ ဓလေ့ထုံးစံ၊ ယေဘုယျအသုံးအနှုန်းများ၊ အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး၊ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ဖော်ပြချက်များတို့သည် ဒေသဆိုင်ရာ အညွှန်းအဖြစ် မှတ်ပုံတင်၍ ရရှိနိုင်မည် မဟုတ်ကြောင်း သတ်မှတ် ပြဋ္ဌာန်းထားသည်။

### မှတ်ပုံတင်လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ

ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသား နှင့် နေရပ်လိပ်စာ၊ မှတ်ပုံတင်လျှောက်ထားမည့် ဒေသဆိုင်ရာအညွှန်း၊ ကုန်ပစ္စည်းထွက်ရှိရာ ဒေသနှင့် ဒေသဆိုင်ရာ အညွှန်းအဖြစ် သတ်မှတ်မည့် ကုန်ပစ္စည်းများလိုအပ်ပြီး အဆိုပါ လျှောက်လွှာနှင့်အတူ ကုန်ပစ္စည်း၏ ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊ ဝိသေသလက္ခဏာများ၊ မူရင်းဒေသနှင့် ထုတ်လုပ်မှု နည်းစနစ်တို့အကြား ဆက်စပ်မှုများ၊ သတ်မှတ်ထားသော အရည်အသွေး ရရှိနိုင်မည့် စည်းမျဉ်းစည်းကမ်းများကို ဖော်ပြ၍ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းပြီး လျှောက်ထားရမည်ဖြစ်သည်။ မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ သက်တမ်းသည် ၎င်းကိုအကာအကွယ်ပေးရန် ခွင့်ပြုခဲ့သည့် ထူးခြားသော ဝိသေသလက္ခဏာများ၊ အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများတည်ရှိနေသရွေ့ ဥပဒေအရ အကာအကွယ်ရရှိနိုင်သော်လည်း ဒေသဆိုင်ရာအညွှန်း ကုန်ပစ္စည်းများ၏သတ်မှတ်ထားသော အရည်အသွေးကို ရရှိနိုင်မည့် စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့် ကာလတွင် ဒေသဆိုင်ရာအညွှန်း ကုန်ပစ္စည်းအဖြစ်မှ ရပ်ဆိုင်းခြင်းခံရမည်ဖြစ်သည်။

### မှတ်ပုံတင်ရန် ပြင်ဆင်ခြင်း

ဒေသဆိုင်ရာအညွှန်းရရှိရေး ဆောင်ရွက်မည့် ဒေသတွင်းမှ စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် သုံးစွဲသူများ ပါဝင်ဖွဲ့စည်းထားသော တရားဝင်အဖွဲ့အစည်းကို ခိုင်မာစွာ စနစ်တကျ ဖွဲ့စည်းခြင်း၊ အသင်းအဖွဲ့အလိုက် လေ့လာမှုများကို ပြုလုပ်ခြင်း၊ ဒေသဆိုင်ရာအညွှန်းအဖြစ် ထုတ်လုပ်မှုအတွက် ကုန်ပစ္စည်းနှင့် သက်ဆိုင်သည့် သီးသန့်သတ်မှတ်ချက်များ၊ ထုတ်လုပ်သည့် နယ်နိမိတ်သတ်မှတ်ချက်၊ ကုန်ပစ္စည်းနှင့် သတ်မှတ်သည့် နယ်နိမိတ်အကြား ဆက်နွယ်မှုများနှင့် ကုန်ပစ္စည်း၏ အရည်အသွေး ခိုင်မာမှုကို ဖြစ်စေသည့် အချက်အလက်များနှင့် အခြားသော လိုက်နာရမည့် အသေးစိတ်အချက်အလက်များကို ရေးဆွဲခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ မူပိုင်ခွင့်ဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ခွင့်ရရှိရန် ဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာအညွှန်း အသင်းအဖွဲ့ဖွဲ့စည်းရာတွင် အသင်းဝင်များကိုယ်တိုင် မိမိဘာသာ စီမံကြီးကြပ်ရမည့်စနစ် (Self Control System) အသင်းအဖွဲ့၏ အတွင်းတွင် စီမံကြီးကြပ်သည့်စနစ် (Internal Control System) နှင့် အသင်း၏ ပြင်ပအဖွဲ့အစည်းမှ စီမံကြီးကြပ်သည့်စနစ် (External Control System) စသည့် စီမံကြီးကြပ်မည့်စနစ်များအလိုက် စနစ်တကျ စီမံဆောင်ရွက်ခြင်းနှင့် အသင်းအဖွဲ့မှ ကုန်ပစ္စည်းဈေးကွက်တင်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်းတို့ ဆောင်ရွက်ခြင်းများ ပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

### အကျိုးကျေးဇူးများ

ထုတ်လုပ်သူများအနေဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာအညွှန်း ကုန်ပစ္စည်းကို ဒေသတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ခြင်းဖြင့် သီးခြားထုတ်ကုန်များအဖြစ် အောင်မြင်လာနိုင်ခြင်း၊ သီးသန့်အမည် သတ်မှတ်နိုင်ခြင်း၊ ထုတ်လုပ်သူများ၏ လုပ်ပိုင်ခွင့်ဖြင့် စီမံခန့်ခွဲ၍ ကာကွယ်နိုင်ခြင်း၊ ကုန်အမှတ်တံဆိပ်ကဲ့သို့ တစ်ဦးတည်းပိုင်မဟုတ်ဘဲ သတ်မှတ်ကုန်ပစ္စည်း ထုတ်လုပ်သူအားလုံးမှ အသုံးပြုနိုင်ခြင်း၊ အရည်အသွေး တစ်သမတ်တည်းရှိခြင်းကြောင့် ပိုမိုကောင်းမွန်သော ဈေးကွက်ရရှိနိုင်ခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်ရာ ဒေသနှင့် ဈေးကွက်တွင် အရည်အသွေးကို စီမံထိန်းချုပ်နိုင်ခြင်းဖြင့် အာမခံချက် အပြည့်အဝ ပေးနိုင်ပြီး သုံးစွဲသူ၏ ယုံကြည်မှုကို ရရှိနိုင်ခြင်း၊ စံချိန်စံညွှန်းကိုက်ညီသော ဒေသဆိုင်ရာအညွှန်း ထုတ်ကုန်များကို စားသုံးသူများမှ အလွယ်တကူ ရွေးချယ်နိုင်ခြင်း၊ ဒေသဆိုင်ရာအညွှန်းဖြင့် အကာအကွယ်ယူမည့် ဒေသထွက်ကုန်ပစ္စည်း၏ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များကို အသေးစိတ်သတ်မှတ်ချက်များဖြင့် သတ်မှတ်ထားပြီး ၎င်းအတိုင်း ဆောင်ရွက်မှု ရှိ၊ မရှိကို အစဉ်အမြဲစစ်ဆေးထိန်းသိမ်းရမည်ဖြစ်သဖြင့် ရိုးရာစိုက်ပျိုးမှု၊ ထုတ်လုပ်မှု နည်းစနစ်များကို ထိန်းသိမ်းနိုင်ပြီး ထိုသို့ ထိန်းသိမ်းခြင်းဖြင့် တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစိတ်မျိုးကွဲများကို မူလအခြေအနေအတိုင်းရှိစေရန် ကာကွယ်စောင့်ရှောက်ရာရောက်မည်ဖြစ်သည်။ ဒေသဆိုင်ရာအညွှန်းသည် လူ့ဘောင် အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် စသည့် အာမခံချက်ပေးနိုင်ခြင်း၊ ဒေသထုတ်ကုန်များ၏ တန်ဖိုးကို မြှင့်တင်နိုင်ခြင်းဖြင့် ဒေသ၏ အစဉ်အလာ၊ ယဉ်ကျေးမှုများကို ရှင်သန်စေခြင်း၊ ဒေသဆိုင်ရာအညွှန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန် စေသော အကျိုးသက်ရောက်မှုများကို ရရှိစေခြင်း၊ နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

**မြန်မာနိုင်ငံတွင် ဒေသထွက်ကုန်များကို ထွက်ကုန်ပစ္စည်း ထွက်ရှိရာ နယ်မြေဒေသအမည်နှင့် ထွက်ကုန်ပစ္စည်း၏ အမျိုးအမည်ကိုတွဲစပ်၍ ခေါ်ဝေါ်လေ့ရှိကြသည်။ ဥပမာအားဖြင့်ဆိုလျှင် ရွှေဘိုပေါ်ဆန်း၊ ရှာငံကော်ဖီ၊ ကျောက်ဆည် စိန်တလုံးသရက်သီး၊ ပုဂံယွန်းထည်၊ ပုသိမ်ထီး စသည်တို့သည် မြန်မာနိုင်ငံတွင် ဒေသထွက်ကုန်ပစ္စည်းများအဖြစ် လူသိများကျော်ကြားပြီး ဒေသဆိုင်ရာ အညွှန်းအဖြစ် မှတ်ပုံတင်နိုင်ရေးအတွက် အလားအလာရှိသည့် ထွက်ကုန်ပစ္စည်းများပင်ဖြစ်သည်။**

စာမျက်နှာ ၂၃ သို့

# အိမ်တွင်းမှု လက်ရက်ကန်းလုပ်ငန်းများ ကဝမြို့နယ် တိုးချဲ့လုပ်ကိုင်လာ

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်တွင် လက်ရက်ကန်းလုပ်ငန်းမှာ ယခင် ကျားတက်ကျေးရွာ တစ်ခုတည်းရှိရာ မှ ၂၀၂၁ ခုနှစ်တွင်မိုးခိုင်ကြီးကျေးရွာနှင့် ဝေသာလီကျေးရွာများ၌ပါ တိုးချဲ့လုပ်ကိုင်လာကြသည့်အတွက် လက်ရက်ကန်းအလုပ်ရုံ ငါးခု အထိ ရှိလာပြီဖြစ်ကြောင်း ရက်ကန်းလုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လက်ရက်ကန်း တစ်စင်လျှင် ထိုးကွင်း ၅၀ ပါ ကျပ် ၁၂ သိန်းခန့် ကုန်ကျပြီး လုပ်ငန်းတည်ခါစတွင် ရက်ကန်းစင် ခြောက်စင်သာ ထောင်ထားနိုင်ပြီး အလုပ်သမား ငါးဦးခန့်ငှားရမ်းကာ ကိုယ်တိုင်လည်း ရက်လုပ်ကြောင်း၊ ယခုအချိန်တွင် ရက်ကန်းရုံ တစ်ရုံလျှင် ရက်ကန်းစင် ၁၂ ခုနှင့် အလုပ်ရုံ ငါးရုံအထိ တိုးချဲ့နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင်ပါက ဒေသတွင်းရှိ လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရကြမည်ဖြစ်သည်။

ချည်ကုန်ကြမ်းကို မန္တလေးမြို့မှ မှာယူပြီး ချည်ချောလုံချည်များ ရက်လုပ်ရောင်းချကြောင်း၊ ချည်အစိပ်/အကျဲပေါ် မူတည်၍ ရက်ကန်းစင် တစ်ခုလျှင် တစ်လခြောက်ထည်မှ ၁၂ ထည်အထိရရှိကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ဩဂုတ်လ တတိယပတ်တွင် လုံချည်တစ်ထည်လျှင် ကျပ် ၈၀၀၀ မှ ကျပ် ၁၂၀၀၀ အထိ ရောင်းချရကြောင်း၊ ဈေးနှုန်းသက်သာသဖြင့် ဝယ်ယူသုံးစွဲသူများကြောင်း၊ ပြည်တွင်းဖြစ်ကိုလည်း အားပေးရာရောက်ကြောင်း၊ မန္တလေး၊ ရန်ကုန်နှင့် ပဲခူးမြို့ပေါ်တွင် ရောင်းချရသလို ဒေသအတွင်းမှာလည်း ရောင်းချရကြောင်း၊ ရက်ကန်းလုပ်ငန်းကို စိတ်ဝင်စားသော လူငယ်၊ လူရွယ်များကို အခမဲ့သင်ကြားပေးပြီး ရက်ကန်းစင်များ တိုးချဲ့သွားရန်လည်း အစီအစဉ်ရှိကြောင်း ရက်ကန်းလုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရသည်။

[illegible](ပဲခူး)

# jynfyap;uGÐifuPef

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာမြို့နယ်သည် ပင်လယ်ကမ်းခြေ ဒီရေတောများနှင့် နီးစပ်မှုရှိသည့်အတွက် ကဏန်းမွေးမြူရာတွင် အောင်မြင်ဖြစ်ထွန်းမှုရှိသည်။

ကဏန်းများ ကြိုက်နှစ်သက်သော ရေချို၊ ရေငံစပ် ကမ်းခြေနှင့်နီးစပ်မှုရှိသော ကျောက်ဖြူကျေးရွာ၊ သယ်န်းကြီးကျေးရွာ၊ မိချောင်းအိုင်ကျေးရွာနှင့် ငပုတောမြို့နယ်အတွင်းရှိ အချို့ကျေးရွာများတွင် ကဏန်းများကို စနစ်တကျ မွေးမြူ၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကဏန်းများကို တစ်ဧကမှလေးဧကအထိ ကျယ်ဝန်းသော မွေးမြူရေးကန်များတွင် မြစ်ချောင်းများမှ သဘာဝ ရေငံများ ထည့်သွင်းရန် ရေသွယ်မြောင်းများထားရှိပြီး ရေစတင်ဝင်သောနေရာ၌ ရေလှောင်ကန်၊ ရေစစ်ကန်ထားရှိသည်။

မွေးမြူရေးကန်၏ ရေအနက် လေးပေ ငါးလက်မခန့် သဘာဝရေငံထည့်သွင်း၍ မွေးကန်အတွင်း ရေသန့်ရှင်းမှု ရှိမရှိစစ်ဆေးရသည်။ ရေသန့်မှသာ ကဏန်းပျော့မွေးမြူနိုင်သည်။ ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန်နှင့် ဂဏန်းများ စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရန်အတွက် ကဏန်းပျော့ မွေးမြူရေးကန်များနှင့် ကဏန်းအဝယ်ဒိုင်များ ပူးပေါင်း ပြီး တစ်လလျှင်တစ်ကြိမ် ကဏန်းမျိုး စိုက်ထည့်ခြင်းကို လစဉ် ဆောင်ရွက်သည်။

အရွယ်အစားစုံ ကဏန်းမများကို ကပ္ပလီပင်လယ်ဝ၊ ရွှေးမြစ်ဝများတွင် မျိုးပွားရန်အတွက် ပြန်လည်လွှတ်ပေးခဲ့ရာ ပိုမိုအောင်မြင်မှုရှိကြောင်း သိရသည်။

ကဏန်းမွေးမြူရေးကန်မှ ရရှိသော ကဏန်းပျော့များကို အအေးခန်းစက်ရုံသို့ မပို့မီ ဇလုံထဲတွင် ရေချိုစိမ်ထားရပြီး ပလတ်စတစ်ဗန်းများတွင် ထည့်၍ ရေစိုအဝတ်ဖုံးကာစနစ်တကျစီထပ်ပြီး မွေးကန်မှ စက်ရုံသို့တင်ပို့ရသည်။

ပြည်ပနိုင်ငံများသို့တင်ပို့ရန် 1 kg မှ 1.5 kg အထိရှိသည့် အရွယ်ညီ ကဏန်းပျော့များအားမှ မှာယူတင်သွင်းရရှိထားသော အဖုံးပါစက္ကူဘူးများဖြင့် ထုတ်ပိုးရပြီး စက်ရုံမှတစ်ဆင့် ရန်ကုန်သို့ အအေးခန်း ကားဖြင့်တင်ပို့သည်။ ရန်ကုန်မှတစ်ဆင့် အအေးခန်းပါသော သင်္ဘောများနှင့် ရေကြောင်း၊ လေကြောင်းမှ တင်ပို့လျက်ရှိသည်။ လပွတ္တာမြို့နယ်မှ ၂၀၂၄ ခုနှစ် ဇွန်လတွင် ကဏန်းပျော့ ၁၀၈ တန် တင်ပို့ခဲ့ပြီး ဇူလိုင် လတွင် ၄၅ ဒသမ ၇၃ တန်ကို ပြည်ပနိုင်ငံများဖြစ်သော ယူနိုက်တင်းကင်းဒမ်း၊ ဗီယက်နမ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

လပွတ္တာမြို့နယ်တွင် ကဏန်းပျော့ထုတ်လုပ်ခြင်းကို တစ်ပိုင်တစ်နိုင်အနေဖြင့် လည်းကောင်း မွေးမြူရေးကန်များဖြင့် စီးပွားဖြစ်အနေဖြင့် လည်းကောင်း ထုတ်လုပ်နိုင်သည်။ ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့တင်ပို့နိုင်သဖြင့် ဝင်ငွေကောင်းမွန်သော လုပ်ငန်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ မင်းမင်းဦး([illegible])

**စာမျက်နှာ ၂၂ ဆောင်းပါးမှအဆက်**

## စိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင်သာမက အာဆီယံ ဒေသတွင်း နိုင်ငံများ၌ပင် ဒေသတစ်ခုမှ ထွက်ရှိသော ထွက်ကုန်ပစ္စည်း (သို့မဟုတ်) ထုတ်ကုန်ပစ္စည်းများကို ဒေသဆိုင်ရာ အညွှန်းထွက်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ရန်အတွက် ထုတ်လုပ်သည့် အသင်းအဖွဲ့၊ အဖွဲ့အစည်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်/နည်းစဉ် အခက်အခဲများ၊ နည်းပညာ အခက်အခဲများ၊ ဒေသဆိုင်ရာ အညွှန်းနှင့် ပတ်သက်သည့် အသိပညာနည်းပါးမှုများ၊ အသင်းအဖွဲ့/အဖွဲ့အစည်းများ၏ စည်းလုံးမှု အားနည်းခြင်းများကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိပါကြောင်း လေ့လာတွေ့ရှိရသည်။

## အကြံပြုချက်

သက်ဆိုင်ရာအစိုးရဌာနများ၊ ဒေသဆိုင်ရာ အညွှန်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ ထုတ်လုပ်သူများ၊ အသင်းအဖွဲ့/အဖွဲ့အစည်းများအနေဖြင့် ရင်ဆိုင်တွေ့ကြုံ နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ပူးပေါင်းဆောင်ရွက်၍ ဖြေရှင်းရန် လိုအပ်ပါကြောင်းနှင့် ဒေသဆိုင်ရာအညွှန်းနှင့် စပ်လျဉ်းသည့် အသိပညာ ရရှိစေရေးတို့အတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါသည်။

အချုပ်အားဖြင့်ဆိုသော် ဒေသဆိုင်ရာ အညွှန်း မှတ်ပုံတင် အကာအကွယ်ပေးခြင်းစနစ်သည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် လုပ်ငန်း/ကုမ္ပဏီ တစ်ခုတည်းကသာ မူပိုင်ခွင့် အကာအကွယ်ရရှိခြင်း မဟုတ်ဘဲ ဒေသထွက်ကုန်ပစ္စည်းထွက်ရှိရာ ဒေသအတွင်းရှိ သက်ဆိုင်ရာ အသင်း၏ အသင်းဝင်/အဖွဲ့ဝင်များဖြစ်သည့် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအားလုံးက ရရှိခံစားနိုင်သော အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ မိမိတို့ဒေသထွက်ကုန်ပစ္စည်းအား ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ရန်အတွက် တစ်ခုတည်းသော ခိုင်မာအားကောင်းသည့် အဆိုပါ ထွက်ကုန်ဆိုင်ရာ ဒေသဆိုင်ရာ အညွှန်းအသင်းအဖွဲ့ (GIAssociation) ပေါ်ပေါက် ဖြစ်တည်ရေးသည် အလွန်ပင် အရေးကြီးလှသည်။ အဆိုပါ ဒေသဆိုင်ရာ အညွှန်းအသင်းအဖွဲ့သည် သက်ဆိုင်ရာ ဒေသထွက်ကုန်အတွက် ဒေသဆိုင်ရာအညွှန်း(GI) မှတ်ပုံတင်ပိုင်ရှင်အဖြစ် ရပ်တည်နိုင်မည့် အခွင့်အရေးလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒေသထွက်ကုန်ပစ္စည်းများအား ဈေးကွက်မြင့်တင် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေးနှင့် ဒေသထွက်ကုန်များ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ဒေသဆိုင်ရာ အညွှန်း (GI) ဖြင့် ကာကွယ်ရယူနိုင်ရေး အလေးထား ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသား ဖော်ပြလိုက်ရသည်။


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ဖုန်း-၀၁ ၃၈၅၃၂၂ အီးမေးလ်-mitcmyantrade@gmail.com
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၁ ၉၆၆၉၉၅၉ အီးမေးလ်-mhcyangon@gmail.com

**ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-**

**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး**
**ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။**
**ဖုန်း - ၀၆၇(၃)၄၀၈၅၀၅**
**အီးမေးလ် - mmcc.office@commerce.gov.mm**


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# မကွေးတိုင်းဒေသကြီး၏ နှမ်းစိုက်ပျိုးထုတ်လုပ်မှုမှသည် ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးဆီသို့

တင့်တင့်ထွန်း (မကွေး)

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ပြီး ဆီထွက်သီးနှံများကို အများဆုံး စိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်သည်။ ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါနှင့် ပဲပုပ်တို့ကို နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ထွက်ရှိသည့် သီးနှံများအနက် နှမ်းသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်လျက် ရှိနေပြီး ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးတွင် နှမ်းနှင့် ဆီထွက်သီးနှံများကို နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် ရာသီအလိုက် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင် ဆီထွက်သီးနှံများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၁၉၅၅၆၉ ဧကနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၃၃၈၈၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧက ၂၃၄၇၈၈၀ တိုးချဲ့စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် မိုးကြို(နွေနှမ်း)နှင့် မိုးဦး(မိုးနှမ်း) ဟူ၍ ရာသီအလိုက် စိုက်ပျိုးကြသည်။ နွေနှမ်းကို မိုးကြိုကာလဖြစ်သော မတ်လကုန် ဧပြီလဆန်းပိုင်းတွင် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးပြီး ဇွန်လတွင် ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ မိုးနှမ်းကိုမူ မိုးဦးကျ ကာလဖြစ်သည့် မေလကုန် ဇွန်လဆန်းပိုင်းတွင် စတင် စိုက်ပျိုးလေ့ရှိကြပြီး ဩဂုတ်လတွင် ရိတ်သိမ်းကြသည်။

မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးသည့် နှမ်းများမှာ နှမ်းဖြူ(ဂျပန်)၊ နှမ်းဖြူ(ခြံကျော်)၊ နှမ်းနီ၊ နှမ်းနက်(စမုန်)နှင့် နှမ်းညိုကျားတို့ဖြစ်ပြီး နှမ်းဝါနှင့် နှမ်းပြာတို့ကိုလည်း အနည်းငယ် စိုက်ပျိုးကြသည်။ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးထားသည့် မိုးနှမ်းများမှာ ဩဂုတ်လက လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး မကွေး၊ နတ်မောက်၊ အောင်လံ၊ တောင်တွင်းကြီးနှင့် ပခုက္ကူမြို့များရှိ ကုန်စည်ဒိုင်များ၊ ပွဲရုံများသို့ နေ့စဉ်ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ ဩဂုတ်လ စတုတ္ထပတ်တွင် နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ကျပ် ၁၆၀၀၀၀၊ နှမ်းဖြူ(ခြံကျော်) တစ်တင်းလျှင် ကျပ် ၁၅၆၀၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၁၄၅၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၁၅၀၀၀ နှင့် နှမ်းညိုကျား တစ်တင်းလျှင် ကျပ် ၁၄၂၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ်တွင် တစ်ဧကလျှင် ခန့်မှန်းကုန်ကျစရိတ်အနေဖြင့် ကျပ်ရှစ်သိန်းကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပျမ်းမျှ ကိုးတင်းထွက်ရှိခြင်းကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ် တွက်ချက်မည်ဆိုပါက ကျပ် ၇၅၀၀၀၀ ခန့်ရှိခဲ့ကြောင်း၊ ရာသီဥတုဒဏ်ကြောင့် ယမန်နှစ်က အထွက်နှုန်းအောက် လျော့နည်းသော်လည်း ပြည်ပ ဝယ်လိုအားကောင်းခြင်းနှင့် ဈေးနှုန်း ကောင်းမွန်မှုကြောင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကြောင်း သိရှိရသည်။

ဈေးကွက်အနေအထားကို ကြည့်မည်ဆိုလျှင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းရှင်များက ဝယ်ယူကြ ကြောင်းနှင့် ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများသို့လည်း တင်ပို့ ရောင်းချကြသည်။ ထိုမှတစ်ဆင့် တရုတ်၊ ထိုင်းနှင့် ဗီယက်နမ် စသည့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ထိုကဲ့သို့ ပြည်ပတင်ပို့ရာတွင် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီပြီး စံချိန်စံညွှန်း ကိုက်ညီမှုရှိရန် မဖြစ်မနေလိုအပ်သည်။ ပြည်ပနိုင်ငံများသို့ ပို့ကုန်ကဏ္ဍ တိုးမြှင့်ကာ တင်ပို့နိုင်ရေးအတွက် မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းများအား ခွဲခြားသတ်မှတ်ကာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြင့်မားလာစေမည့် အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

နှမ်းကို ပြည်ပနိုင်ငံများသို့ ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်(Value Added) ပြုလုပ်ကာ တင်ပို့ခြင်းသည် ပြည်ပ ဝင်ငွေကို ပိုမိုရရှိနိုင်မည်ဖြစ်သည်။ မကွေးမြို့မှ ကုမ္ပဏီတစ်ခုသည် ၂၀၁၁ ခုနှစ်မှစတင်၍ နှမ်းကို တန်းဖိုးမြှင့်ထုတ်ကုန် မြန်မာ့နှမ်းလှော်မှုန့်အဖြစ် ထုတ်လုပ်ကာ ရန်ကုန်မြို့ရှိ ကုမ္ပဏီခွဲမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ထုတ်လုပ်သည့် နည်းစနစ်သည် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံ၊ ဒေသတွင်းအတွေ့အကြုံရှိသည့် သင်ဆရာ၊ မြင်ဆရာများထံမှ သင်ယူလေ့လာကာ မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် အရည်အသွေး ကောင်းမွန်သော ပို့ကုန်တစ်ခုအဖြစ် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် တောင်ကိုရီးယားဈေးကွက်၌ မြန်မာ့နှမ်းလှော်မှုန့်သည် ရောင်းတန်း



ဝင်ကုန်ပစ္စည်းအဖြစ် ရပ်တည် နေနိုင်ပြီဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် နှမ်းလှော်မှုန့်ရရှိစေရန် ကုန်ကြမ်းအသုံးပြုရာတွင် နှမ်းဖြူကိုသာ အသုံးပြုပြီး နှမ်းလှော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရကြောင်း၊ ဈေးကွက်တွင် ရေရှည်ရပ်တည် အောင်မြင်နိုင်ရေးအတွက် ထုတ်လုပ်မှု နည်းပညာများကို အစဉ်တိုးတက်အောင် ဂရုတစိုက် ဆောင်ရွက်နေကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ မြန်မာ့နှမ်းလှော်မှုန့်ကို အဓိကတင်ပို့ပြီး ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်ကာ စားသုံးရန် အထူးသင့်လျော်သော နှမ်းလှော်ဆီမွှေးကိုလည်း တင်ပို့လျက်ရှိကြောင်း၊ အဆိုပါ ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် နှစ်စဉ် တိုးတက်ကာ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ထိုမျှသာမကဒေသတွင်း၌လည်း အလုပ်အကိုင် အခွင့်အလမ်း မြောက်မြားစွာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မကွေးတိုင်းဒေသကြီးရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များမှ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှမ်းကိုတန်ဖိုးမြှင့်ထုတ်ကုန် (Value Added)အဖြစ် ကုန်ချောအဆင့် (နှမ်းဆီ၊ နှမ်းလှော်မှုန့်၊ နှမ်းယိုနှင့် နှမ်းကပ်ကြော်)စသည့် အသင့်စားသုံးနိုင်မည့် အဆင့်သို့ တိုးမြှင့်ထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်သာမကဘဲ ပြည်ပဈေးကွက်ပါ တိုးတက်ရှာဖွေရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် နှမ်းကို တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်၍ အညာဒေသထွက် အစားအစာအဖြစ် ထုတ်လုပ်ရောင်းချနေသည့် စားသောက်ကုန်လုပ်ငန်းမှ နှမ်းယို၊ ပဲယိုတို့ကိုလည်း ပြည်ပ ဈေးကွက်များသို့ တင်ပို့နိုင်ရေး ခေတ်မီသောနည်းပညာ၊ ခေတ်မီသည့် စက်ကြီးများဖြင့် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေး ပြည့်မီအောင် ထုတ်လုပ် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မကြာမီကာလတွင် ပြည်ပနိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်တော့မည်ဟု သိရသည်။

အခြားတစ်ဖက်တွင် မြန်မာနိုင်ငံ၌ အရည်အသွေး ကောင်းမွန်သော ဆီများကို ထုတ်လုပ်ရန်အတွက် ပြည်တွင်းရှိ ဆီစက်များကို အဆင့်မီဆီစက်များအဖြစ် တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံ တည်ဆောက်ခြင်းနှင့် လက်ရှိ ဆီစက်များကိုလည်း အဆင့်မြှင့်တင်ခြင်း တို့အတွက် တောင်သူများနှင့် လုပ်ငန်းရှင်တို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆီစက်ချေးငွေများကို ထုတ်ချေးပေးနိုင်ရေး ချေးငွေအဆိုပြုလွှာများကို ဖိတ်ခေါ်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်းမှ လျှောက်ထားလာသော ဆီစက်လုပ်ငန်းရှင်များကို ကွင်းဆင်းစစ်ဆေးသွားနိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ကိုလည်း ဖွဲ့စည်းထားရှိပြီး ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဒေသတွင်း ကုန်စည်စီးဆင်းမှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ သို့အတွက်ကြောင့် ဒေသတစ်ခုတွင် ကုန်စည်စီးဆင်းမှု မှန်ကန်ချောမွေ့နေမည်ဆိုပါက ယင်းဒေသ၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ ကုန်စည်စီးဆင်းမှုနှင့်အတူ အမြဲလိုက်ပါလာသည့်အရာမှာ ငွေကြေးစီးဆင်းမှုဖြစ်၍ မိမိနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ကုန်စည်များ ပိုမိုတင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် ပြည်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

သို့သော် မြန်မာ့နှမ်းကို ပြည်ပပို့ကုန်တန်းဝင် ကုန်ပစ္စည်းအဖြစ် အသိအမှတ်ပြုခံရရန် အစဉ်ကြိုးစား ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် နှမ်းကိုစိုက်ပျိုးသည့် ဒေသခံ တောင်သူများအနေဖြင့် စတင်စိုက်ပျိုးသည်မှ ကုန်ချောထုတ်လုပ်တင်ပို့သည့် Exporter ကုမ္ပဏီများအထိ (GAP GMP) ဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးလာစေရေး၊ ကျယ်ပြန့်စွာ အသုံးပြုလာစေရေးကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များက အသိပညာ ဗဟုသုတများ မျှဝေအကြံပြုခြင်းနှင့် ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးအတွက်လည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပပို့ကုန် မြှင့်တင်ရေးလုပ်ငန်းများကို အစဉ်တစိုက် တိုးချဲ့ဆောင်ရွက်ရန် မိမိဒေသမှ ထွက်ရှိသည့် နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါနှင့် ပဲပုပ်တို့ကို စံချိန်စံညွှန်း ပြည့်မီသည့် ကုန်ချောဖြစ်ရန် အစဉ်တစိုက် ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင်လည်း ဆီကိုကြိတ်ခွဲထုတ်လုပ်ပြီး ပြန်လည်ရောင်းချရာတွင် စားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်စေရေး၊ အရောအနှောကင်းစွာ သန့်ရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးတို့အတွက် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စီမံဆောင်ရွက်သင့်သည်။ ထို့ပြင် အခြားတစ်ဖက်တွင် စိုက်ပျိုးသူတောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့၏ ဆီစက်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမည်လည်းဖြစ်သည်။

ကျန်းမာရေးရှုထောင့်မှ ကြည့်မည်ဆိုလျှင် နှမ်းကို စားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည်။ နှမ်းတွင်ပါဝင်သော ဒြပ်တစ်မျိုးသည် သွေးတွင်းရှိ ကိုလက်စထရောကို ကျဆင်းစေပြီး သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးသည်ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ပြင် နှမ်းဆီသည် ကိုယ်အလေးချိန်ကို ထိန်းညှိပေးခြင်း၊ အသည်းရောဂါ မဖြစ်ပွားစေရန် ကာကွယ်ပေးခြင်း၊ နှမ်းတွင် ပြည့်ဝဆီ ပါဝင်မှုနည်းခြင်းကြောင့် သွေးတွင်းအကျိုးပြု ကိုလက်စထရော ပမာဏကို မြှင့်တင်ပေးပြီး ဓာတ်တိုးဆန့်ကျင် အာနိသင် ကြွယ်ဝသောကြောင့် နှလုံးရောဂါဖြစ်ပွားခြင်းကို ကာကွယ်ပေးခြင်း၊ နှမ်းဆီကို ပုံမှန်စားသုံးခြင်းဖြင့် အစာချေစနစ် ကောင်းမွန်စေပြီး အမျှင်ဓာတ် ပါဝင်သောကြောင့် အူမကြီးကို ကျန်းမာစေခြင်း၊ မဂ္ဂနီဆီယမ် ကြွယ်ဝစွာ ပါဝင်သည့်အတွက် ဆီးချိုရောဂါ သက်သာစေသည့် အပြင်နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ပြဿနာများကိုလည်း မဖြစ်ပွားစေအောင် ကာကွယ်ပေးခြင်းနှင့် သတ္တုဓာတ်များစွာ ပါဝင်နေသောကြောင့် အရိုးသိပ်သည်းဆကို ကောင်းမွန်စေပြီး အရိုးပွရောဂါ ဖြစ်ပွားမှုကိုလည်း လျှော့ချပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

နှမ်း အပါအဝင် ဆီထွက်သီးနှံများကို တန်ဖိုးမြှင့် ကုန်ချောများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် ဒေသတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမကဘဲ Exporter များအထိ Supply Chain ကွင်းဆက်တစ်လျှောက် ပါဝင်သူများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေနိုင်မည်ဖြစ်၍ ပို့ကုန်ကဏ္ဍ တိုးမြှင့်စေရေးအတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသင့်သည်။ ထို့အတူ အခြားတစ်ဖက်တွင်လည်း ပို့ကုန်ကဏ္ဍ တိုးမြှင့်လာစေရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရေးနှင့် စားသုံးသူ ပြည်သူများအနေဖြင့် ဒေသတွင်း စားသုံးဆီဖူလုံကာ ကျန်းမာရေးနှင့် ညီညွတ်ပြီး ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တိုက်တွန်းရေးသားလိုက်ရပါသည်။

# တောင်ကိုရီးယားနိုင်ငံမှ လုပ်ငန်းစုခေါင်းဆောင်များက ချက်ပြည်သူ့သမ္မတနိုင်ငံတွင် စီးပွားရေး အခွင့်အလမ်းသစ်များ ရှာဖွေ

တောင်ကိုရီးယားနိုင်ငံမှ လုပ်ငန်းစုခေါင်းဆောင်များက ချက်ပြည်သူ့သမ္မတနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းသစ်များ ရှာဖွေနေကြောင်း၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် ယာဉ်များနှင့် စွမ်းအင်ကဏ္ဍတွင် အခွင့်အလမ်းသစ်များရရှိရန် ရှာဖွေနေကြောင်း၊ ချက်ပြည်သူ့သမ္မတနိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် မဟာဗျူဟာကျသော မဟာမိတ်ဖွဲ့မှုကို မြှင့်တင်ရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ယင်းနိုင်ငံသို့ သွားရောက်မည့် တောင်ကိုရီးယားနိုင်ငံသမ္မတ ယွန်ဆုခ်ယော်၏ ခရီးစဉ်တွင် တောင်ကိုရီးယားနိုင်ငံမှ နာမည်ကြီး လုပ်ငန်းစုများဖြစ်ကြသည့် Samsung Hyundai Motor, LG နှင့် SK တို့မှ ထိပ်တန်းအမှုဆောင်များ လိုက်ပါသွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းစုကြီးများအနက် Hyundai Motor Group သည် ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အတက်ကြွဆုံး စီးပွားရေးလုပ်ဖော်ကိုင်ဖက်လုပ်ငန်းစုကြီး တစ်ခုဖြစ်သည်။ ချက်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ဘက်ရှိ Nosovice ကျေးရွာတွင် တစ်နှစ်လျှင် ကားအစီးရေ ၃၅၀၀၀၀ ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ခု တည်ဆောက်ထားရှိပြီး လုပ်ငန်းလည်ပတ်လျက်ရှိသည်။ အဆိုပါကားစက်ရုံသည် ဥရောပရှိ Hyundai Motor ၏ အဓိကကားထုတ်လုပ်ရေး အခြေစိုက်စခန်းတစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း ကားအစီးရေ ၃၄၅၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ အဆိုပါစက်ရုံမှ ရောင်းရငွေသည် ၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားဝမ်ငွေ ၁၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၇ ဘီလီယံ) ကျော်ရရှိခဲ့ပြီး အသားတင်အမြတ်ငွေမှာ တောင်ကိုရီးယား ဝမ်ငွေ ၈၀၀ ဘီလီယံ ရရှိခဲ့သည်။

Hyundai Motor ၏ အမှုဆောင်ဥက္ကဋ္ဌ Mr. Chung Euisun ကိုယ်စား CEO Mr. Chang Jae-hoon သည် သမ္မတယွန်း၏ ခရီးစဉ်တွင် လိုက်ပါသွားနိုင်ဖွယ်ရှိကြောင်း၊ လက်ရှိကားစက်ရုံကို စစ်ဆေးခြင်းနှင့် လုပ်ငန်းစုအတွက် အကျိုးအမြတ်ရနိုင်မည့် အခြားသော လုပ်ငန်းများရှာဖွေသွားမည်ဖြစ်ကြောင်း၊ ဥရောပဈေးကွက်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍတွင် Hyundai Motor ၏ ရပ်တည်မှုကို ခိုင်မာလာစေရန် ရည်ရွယ်၍ လက်ရှိကားစက်ရုံကို EVs ထုတ်လုပ်သည့်စက်ရုံအဖြစ် ၂၀၃၅ ခုနှစ် နောက်ဆုံးထား ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း ကားလုပ်ငန်းကဏ္ဍမှ အရာထမ်းတစ်ဦးက ပြောကြားခဲ့သည်။

Samsung Electronics ၏ အမှုဆောင်ဥက္ကဋ္ဌ Mr. Lee Jae-yong ကလည်း ခရီးစဉ်တွင် လိုက်ပါမည်ဖြစ်ပြီး လက်ရှိတွင် ချက်ပြည်သူ့သမ္မတနိုင်ငံ၌ လုပ်ငန်းလည်ပတ်နေခြင်း မရှိသေးသော်လည်း ကမ္ဘာ့ဦးဆောင် EV battery ထုတ်လုပ်သည့် Samsung Electronics အား ချက်ပြည်သူ့သမ္မတနိုင်ငံက ဘက်ထရီလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် ကြိုဆိုမည်ဟု မျှော်လင့်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက ချက်ပြည်သူ့သမ္မတနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံး တည်ဆောက်ရန် လေလံခေါ်ရာတွင် Korea Hydro & Nuclear Power (KHNP) အား ဦးစားပေးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ သို့ဖြစ်၍ KHNP သည် တောင်ကိုရီးယားဝမ်ငွေ ၂၄ ထရီလီယံ တန်ဖိုးရှိ နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်သည့် စီမံကိန်းကိုရရှိခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် အခွင့်အလမ်းများ ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**Source: https://www.koreatimes.co.kr/www/tech/2024/08/129_381171.html**

**ပပ၊ စီးပွားရေးသံမှူး**
**တောင်ကိုရီးယားသမ္မတနိုင်ငံ**

# ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် စက်တင်ဘာလအတွင်း လျော့ကျနိုင်မည်ဖြစ်ကြောင်း ခန့်မှန်း

အိန္ဒိယနိုင်ငံမှ တစ်နှစ်ပတ်လုံး ဆန်တင်ပို့မှုဆိုင်ရာ ရပ်ဆိုင်းလိုက်သည့် မူဝါဒအပြောင်းအလဲအား စောင့်ဆိုင်းနေခြင်းနှင့် ကမ္ဘာ့ဆန်စားသုံးမှုမြင့်မားသည့် နိုင်ငံများကြား ရိုက်ခတ်မှုများ ရှိနေသောကြောင့် လာမည့် စက်တင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှု ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ဆန်ဈေးကွက်အား လေ့လာစောင့်ကြည့်နေသူတစ်ဦးဖြစ်သူ SSResource Media Pte.Ltd rS Subramanian Venkatram က ခန့်မှန်းပြောကြားခဲ့သည်။

စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဆန်တင်သွင်းမှု အဝင်များ ကျဆင်းနိုင်သည့်လများဖြစ်ကြောင်း၊ အိန္ဒိယနှင့် အလားသဏ္ဌာန်ဆင်တူစွာဖြင့် ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့ရောင်းချသူများအနေဖြင့်လည်း ၎င်းတို့နှင့် ပြုလုပ်ထားသည့် ဆန်ရောင်းချရေးဆိုင်ရာ သဘောတူညီချက်များကို တစ်ဖက်မှဝယ်သူများနှင့် အမြင့်ဈေးနှုန်းရရှိနိုင်ရေး ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်လာနိုင်သည်ဟု Philippines Rice Industry Stakeholders Movement (PRISM) မှ ခန့်မှန်းထားရှိသည်။

ဗီယက်နမ်နိုင်ငံမှ ဆန်ရောင်းချသည့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဗီယက်နမ် ဆန်ကုန်သည်များကလည်း အရောင်း/အဝယ်စာချုပ်များကို ဖျက်သိမ်းခဲ့မှု အများအပြားရှိခဲ့ကြောင်း၊ ဈေးနှုန်းကွာဟချက်မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀ မှ ၇၀ ကြားရှိခဲ့ခြင်းသည် အဓိကအချက်တစ်ချက်ဖြစ်ပြီး ၎င်းတို့မှဆန်တင်ပို့မှုများ ဖျက်သိမ်းခဲ့ခြင်းကြောင့် ဆန်ဝင်ရောက်မှု လျော့နည်းလာစေမည်ဟုဆိုသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် ထိုကဲ့သို့ ဆန်တင်ပို့မှု သဘောတူညီချက်များ ဖျက်သိမ်းရပ်ဆိုင်းမှု မရှိစေရေး အခြေအနေများနှင့် တင်သွင်းမည့်ဆန်များ အချိန်မီရောက်ရှိရေးတို့စပ်လျဉ်း၍ စတင်ဆွေးနွေးသင့်သည့် အချိန်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြည်တွင်းရှိ ဆန်တောင်သူများကိုလည်း အစိုးရအနေဖြင့် လိုအပ်သည့် ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးစေလိုကြောင်း ဖော်ပြပါရှိသည်။

ယခုကဲ့သို့ ဆန်တင်သွင်းမှုများကျဆင်းနိုင်သည့် အခြေအနေသည် အခြားသော နိုင်ငံများတွင်လည်း ဖြစ်ပေါ်နိုင်ခြေရှိကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆန်ဈေးကွက်အတွင်းရှိ ဆန်ကုန်သွယ်မှုများ ကျဆင်းလာရခြင်းမှာ ကုန်သည်များအနေဖြင့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုရပ်ဆိုင်းထားခြင်းကို ပြန်လည်ဖွင့်လှစ်နိုင်သည်ဟူသည့် မျှော်လင့်ချက်များရှိနေပြီး ဆန်ဈေးကွက်အတွင်းရှိ လူများအားလုံး သတိထားဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရကြောင်း SS Rice News Network 2024 အခမ်းအနားတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သော အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ နိုင်ငံတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဘာစမာတီ မဟုတ်သည့်ဆန်နှင့် ဆန်ကြမ်းတင်ပို့မှုကို ရပ်ဆိုင်းခဲ့သဖြင့် ဆန်တင်သွင်းမှုမြင့်မားသည့် ဖိလစ်ပိုင်နိုင်ငံကဲ့သို့သော ဆန်တင်သွင်းသည့် နိုင်ငံများသည် အခြားသော ဆန်တင်ပို့ရောင်းချမည့်သူများကို ရှာဖွေခဲ့ရသည်။

နှစ်နိုင်ငံသဘောတူညီချက်အားဖြင့် ဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန် ၂၀၀၀၀ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၈ ရက်ထိ ဆန်တန်ချိန် ၅ ဒသမ ၅၇ သန်းထိ တင်သွင်းခဲ့ပြီးဖြစ်ကြောင်းနှင့် အဓိကတင်သွင်းခဲ့သည့် နိုင်ငံအနေဖြင့် ဗီယက်နမ်မှ တန်ချိန် ၁ ဒသမ ၉၅ သန်း၊ ထိုင်းနိုင်ငံမှ ၃၆၀၄၄၄ ဒသမ ၇၄ တန်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

၂၀၂၄ ခုနှစ် ယခုကာလအထိ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၂၀၂၃ ခုနှစ်က တင်သွင်းမှု စုစုပေါင်း၏ ၇၁ ဒသမ ၁ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ဗီယက်နမ်နိုင်ငံမှ ဆန်ဝယ်ယူမှု ကျဆင်းခဲ့ခြင်းကြောင့် ဆန်တင်သွင်းမှု လျော့ကျနိုင်ကြောင်းကို အမေရိကန်စိုက်ပျိုးရေးဌာနမှလည်း ပြင်ဆင်ခန့်မှန်းခဲ့သည်။

ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားလျှော့ချပေးခဲ့ခြင်းကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးပေးခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၆၂ ကိုလည်း ပြီးခဲ့သည့် ဇွန်လက သမ္မတမားကို့စ်မှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ အခွန်နှုန်း လျှော့ချပေးရခြင်းမှာ ကုန်စည်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေခြင်း လျော့ကျစေရန်၊ ပြည်တွင်းစားသုံးကုန်စည်ဈေးနှုန်းများ ထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြောင်း ဖော်ပြသည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး၊ မနီလာမြို့)**
**Source; https://business.inquirer.net/476715/slowdown-in-rice-imports-seen-by-sept**



# အရန်ထားရှိရန် ဆန်တန်ချိန် ၄၅၀၀၀၀ တောင်ကိုရီးယားအစိုးရ ဝယ်ယူမည်

တောင်ကိုရီးယားနိုင်ငံ၌ ဆန်ပိုလျှံထွက်ရှိမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဈေးကွက်အတွင်း ဈေးနှုန်းများတည်ငြိမ်မှုရှိစေရန်အတွက် အစိုးရသည် ယခုနှစ် ရိတ်သိမ်းထွက်ရှိမှုမှ ဆန်တန်ချိန် ၄၀၀၀၀၀ နှင့် ယခင်နှစ်ထွက်ရှိမှုမှ တန်ချိန် ၅၀၀၀၀၊ စုစုပေါင်း ဆန် တန်ချိန် ၄၅၀၀၀၀ ကို အရန် ရိက္ခာအဖြစ် ဝယ်ယူမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းအဖွဲ့အစည်းဝေးတွင် ချမှတ်ခဲ့သည့် စီမံချက်အရ ဩဂုတ်လမှ နိုဝင်ဘာလအတွင်း မပြုပြင်ရသေးသော ဆန်များကို လည်းကောင်း၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ထုပ်ပိုးပြီး သော ဆန်များကိုလည်းကောင်း ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ ဝယ်ယူသည့်ဈေးနှုန်းကို ယခုနှစ်ကုန်၌ ဆုံးဖြတ်မည်ဖြစ်ပြီး ကြားကာလ ပေးချေမှုအဖြစ် ဆန်ကီလိုဂရမ် ၄၀ တစ်အိတ်လျှင် ဝမ်ငွေ ၃၀၀၀၀ နှုန်း (အမေရိကန်ဒေါ်လာ ၂၂ ဒေါ်လာ) ဖြင့် အစိုး ရက ပေးအပ်ထားမည်ဖြစ်သည်။

ကိုရီးယားပြည်သူများ၏ စားသောက်မှုပုံစံနှင့် အလေ့အထများ ပြောင်းလဲလာမှုကြောင့် ၎င်းတို့၏ ဆန်စားသုံးမှု ဆက်တိုက် ကျဆင်းနေချိန်တွင် ကိုရီးယားနိုင်ငံသည် ဆန်ပိုလျှံထွက်ရှိမှု ကိစ္စရပ်ကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် ဝယ်ယူထားသော အရန်ဆန်များကို တပ်ရိက္ခာအဖြစ် သုံးစွဲခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းများအပါအဝင် ရည်ရွယ်ချက် အမျိုးမျိုးအတွက် အသုံးပြုမည်ဖြစ်သည်။ ထို့အပြင် ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းစသည့် အရေးပေါ် အခြေအနေများတွင် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသော အာဆီယံ+၃ အရေးပေါ် အရန်ဆန်အတွက်လည်း အဆိုပါဆန်များကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**Source: Korea Times**
**DHTSN, DOCA**



## အိန္ဒိယ၏ သွင်းကုန်အခွန် တိုးမြှင့်ဖွယ်ရှိမှုက မလေးရှား စားအုန်းဆီဈေးနှုန်းများ ကျဆင်းစေ

စားအုန်းဆီ ထိပ်တန်းထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ရောင်းလိုအားလျော့ကျမည့် အလားအလာများ ရှိနေသော်လည်း ကမ္ဘာ့စားအုန်းဆီ ထိပ်တန်းဝယ်ယူသူဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပိုမိုမြင့်မားသော သွင်းကုန်အခွန် စည်းကြပ်ကောက်ခံမည့် အခြေအနေရှိခြင်းက မလေးရှား ဈေးကွက်၌ ဩဂုတ် ၂၈ ရက် ဈေးကွက်ပိတ်သိမ်းချိန်တွင် စားအုန်းဆီကြိုရောင်းဈေးနှုန်းများကို ကျဆင်းစေခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဘာဆာမလေးရှား ဆင့်ပွားစတော့ဈေးကွက် (Bursa Malaysia Derivatives Exchange) တွင် ဈေးကွက်ပိတ်ချိန် နိုဝင်ဘာလအတွက် သဘော်တင်ပို့မည့် စားအုန်းဆီ စံပြုစာချုပ်ဈေးနှုန်းသည် မက်ထရစ်တစ်တန်လျှင် ရင်းဂစ်ငွေ ၃၉၂၀ ရှိပြီး နှစ်ရက်ဆက်တိုက် ကျဆင်းမှုအဖြစ် ယခင်နေ့ ဈေးနှုန်းအပေါ် ၃ ရင်းဂစ် သို့မဟုတ် သုည ဒသမ၀၈ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ အစိုးရသည် ဆီထွက်သီးနှံဈေးနှုန်းများ နိမ့်ကျမှုကြောင့် တောင်သူများ အခက်အခဲကြုံရခြင်းကို ကာကွယ်ပေးရန်အတွက် ဟင်းသီးဟင်းရွက်ဆီများ တင်သွင်းမှုအပေါ် စည်းကြပ်ကောက်ခံသော အခွန်နှုန်းထားများအား မြှင့်တင်ရန် စဉ်းစားလျက်ရှိသည်ဟု အစိုးရဌာနဆိုင်ရာ သတင်းအရင်းအမြစ် နှစ်ခုက ဩဂုတ် ၂၈ ရက်တွင် ပြောခဲ့သည်။ အဆိုပါ အစီအစဉ်ကို လာမည့်ရက်သတ္တပတ်များအတွင်း အိန္ဒိယအစိုးရက ကြေညာချက်ထုတ်ပြန်ဖွယ်ရှိပြီး စားအုန်းဆီဝယ်လိုအား လျော့ကျလျက် ပြည်ပမှ ဝယ်ယူတင်သွင်းမှု ကျဆင်းစေနိုင်မည့် အလားလာရှိသည်။

အင်ဒိုနီးရှား၏ ဇွန်လအတွင်း စားအုန်းဆီတင်ပို့မှုမှာ မေလကထက် ၇၁ ဒသမ၈ ရာခိုင်နှုန်း မြင့်တက်လျက် မက်ထရစ်တန်ချိန် ၃ဒသမ၃၈၅ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ သို့သော် ယခင်နှစ် ကာလတူ တင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၈၈ ရာခိုင်နှုန်း လျော့နည်းနေဆဲဖြစ်ကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း၏ အချက်အလက်များက ဖော်ပြလျက်ရှိသည်။ ဩဂုတ်လ ပထမ ရက် ၂၀ အတွင်း မလေးရှား၏ စားအုန်းဆီထုတ်ကုန်များ တင်ပို့မှုအားကောင်းခဲ့သော်လည်း ဩဂုတ် ၁ ရက်မှ ၂၅ ရက်အထိ တင်ပို့နိုင်မှုပမာဏသည် ယခင်လ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၁ ရာခိုင်နှုန်းမှ ၁၄ ဒသမ ၉ ရာခိုင်နှုန်းအတွင်း ကျဆင်းခဲ့သည်ဟု ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးကုမ္ပဏီများဖြစ်သော Intertek Testing Services နှင့် AmSpec Agri Malaysia တို့၏ အချက်အလက်များအရ သိရှိရသည်။

ရာသီဉတု အထောက်အပံ့ ကောင်းမွန်မှုမရှိခြင်းနှင့် ဆီအုန်းပင်များ သက်တမ်းရင့်လာခြင်းတို့ကြောင့် အင်ဒိုနီးရှား၏ ယခုနှစ် စားအုန်းဆီထုတ်လုပ်မှုမှာ ကျဆင်းမည်ဟုခန့်မှန်းရပြီး ဈေးကွက်တွင် ဝယ်လိုအား ဆက်လက်မြင့်မားနေဖွယ်ရှိကြောင်း၊ ထို့အပြင် ၂၀၂၅ ခုနှစ်အတွင်း ဇီဝဒီဇယ်ဆီ သုံးစွဲမှုတိုးမြှင့်မည့် အင်ဒိုနီးရှား၏ အစီအစဉ်သည် တင်ပို့နိုင်မည့်ပမာဏကို ကန့်သတ်မှုဖြစ်စေလျက် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ မြင့်တက်မှုကို အထောက်အကူပြုနိုင်ကြောင်းဖြင့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အခြေစိုက် Kantilal Laxmichand ကုမ္ပဏီမှ ကုန်သွယ်ရေးမန်နေဂျာ Mitesh Saiya က ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကမ္ဘာ့စားအုန်းဆီ ဝယ်လိုအား နည်းပါးနေချိန်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်အတွက် စားအုန်းဆီ တင်ပို့မှုအပေါ် ကောက်ခံသော အခွန်နှုန်းထားကို ပြန်လည်ချိန်ညှိမည့် အစီအစဉ်တစ်ရပ်အား အချိန်ယူစဉ်းစား ဆောင်ရွက်လျက်ရှိသည်ဟု Bisnis.com က ဩဂုတ် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ Dalian ဈေးကွက်တွင် အရောင်းအဝယ် အများဆုံးဖြစ်သော ပဲပုပ်ဆီ၏ စာချုပ်ဈေးနှုန်းများမှာ သုည ဒသမ ၅၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း စားအုန်းဆီ စာချုပ်ဈေးနှုန်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (CBOT) ဈေးကွက်၌ ပဲပုပ်ဆီ၏ ဈေးနှုန်းများသည် သုည ဒသမ ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဈေးကွက်၌ ဝေစုနေရာရရှိနိုင်ရေး ယှဉ်ပြိုင်နေရသည့်အလျောက် အခြားသော ဆက်စပ်နေသည့် စားသုံးဆီများ၏ ဈေးနှုန်းပြောင်းလဲမှုများသည် စားအုန်းဆီအပေါ် သက်ရောက်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

**Source: Business Recorder, 29 Aug 2024, UNAL, DOCA**

## ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် ထိုင်းနိုင်ငံ ဆန်တင်ပို့မှု မြင့်တက်

အဓိကဈေးကွက်များထံမှ ဝယ်လိုအားနှင့် ဘတ်ငွေတန်ဖိုး အားပျော့မှုတို့ ကျေးဇူးကြောင့် ထိုင်းနိုင်ငံသည် ယခုနှစ်တွင် မူလခန့်မှန်းထားသည့် ဆန်တန် ၇ဒသမ၅ သန်းကို ကျော်လွန်၍ ဆန်တန်ချိန် ၈ဒသမ၂ သန်းကို ပြည်ပသို့တင်ပို့နိုင်မည်ဟု မျှော်လင့်ရကြောင်း ထိုင်းနိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနအဆိုအရ သိရသည်။ ထိုင်းနိုင်ငံ ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipet က ယခုနှစ်၏ ပထမနှစ်ဝက်တွင် ဆန်တန်ချိန် ၅ ဒသမ ၀၈ သန်း တင်ပို့ခဲ့ရာမှ ဘတ် ၁၁၇ ဒသမ၈ ဘီလီယံရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလကထက် ၂၅ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆန်တင်သွင်းသူများသည် စားသုံးရန်နှင့် စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် သိုလှောင်ထားရန်အတွက် တင်သွင်းရန် အလိုရှိကြကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အိန္ဒိယ၏ ဆန်တင်ပို့မှု ကန့်သတ်ခြင်းနှင့် တစ်ဒေါ်လာကို ၃၆-၃၇ ဘတ်အထိ တန်ဖိုးကျဆင်းမှုကလည်း ထိုင်းဆန်ဈေးနှုန်း၏ ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းရန် ကူညီစေခဲ့ကြောင်း သိရသည်။

ဌာနအနေနှင့်လည်း ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းနှင့် ဒုတိယနှစ်ဝက်အတွက် ဆန်တင်ပို့မှု အခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးရန် ဇူလိုင် ၂၅ ရက်က အစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့အပါအဝင် ထိုင်းနိုင်ငံ၏ အဓိကတင်ပို့သည့် ဈေးကွက်များမှာ ငွေကြေးဖောင်းပွမှုနှင့် မိုးခေါင်ခြင်းတို့ကြောင့် ဆန်ဝယ်လိုအား ဆက်လက်မြင့်တက်ရန်ရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဩဂုတ်လ အစောပိုင်းကာလမှ စတင်သက်ရောက်ပြီး ၂၀၂၈ ခုနှစ်အထိ ကြာမြင့်မည့် ဆန်တင်သွင်းသည့် အကောက်ခွန်ကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ လျှော့ချမည်ဟု တရားဝင်ကြေညာထားကြောင်း သိရသည်။

Mr. Ronnarong က ယခုနှစ်တွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့သည် ၎င်းတို့၏ ဆန်တင်သွင်းမှုကို တန်ချိန် ၄ ဒသမ ၇ သန်းနှင့် တန်ချိန် ၃ ဒသမ ၆-၄ ဒသမ ၃ သန်း အသီးသီး မြင့်တက်မည်ဟု မျှော်လင့်ရကြောင်းနှင့် ထိုင်းအပါအဝင် ဆန်တင်ပို့သည့် နိုင်ငံများအတွက် အခွင့်အလမ်း တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ယခုနှစ် ဒုတိယနှစ်ဝက်အတွက် ထိုင်းနိုင်ငံဆန်တင်ပို့ရာတွင် များစွာသော စွန့်စားရနိုင်သည့်အချက်များ ရှိနေကြောင်း သိရသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံက ဆန်တင်ပို့ရာတွင် ကန့်သတ်ထားမှုအား ပြန်လည်ဆန်းစစ်နိုင်ချေရှိခြင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့တွင် ဆန်ထုတ်လုပ်မှုမြင့်တက်လာသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့နိုင်စွမ်းမြင့်တက်လာပြီး ဈေးနှုန်းယှဉ်ပြိုင်ရမှု မြင့်တက်လာနိုင်ခြင်းနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများ ဖြစ်ပေါ်နေခြင်းနှင့် သဘော်တင်ပို့နှုန်းများ မြင့်တက်လာခြင်း အစရှိသည့် အချက်များ ပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဆန်တင်ပို့မှုအခြေအနေသည် ကောင်းမွန်နေလျက်ရှိနေသေးပြီး တင်ပို့သူများသည် ပမာဏများပြားသည့် ဆန်များကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မလေးရှားတို့ ပါဝင်သော အာဆီယံနိုင်ငံများနှင့် အရှေ့အလယ်ပိုင်း စသည့် ဒေသများသို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ Mr. Ronnarong က ဌာနအနေဖြင့် ဆန်တင်ပို့မှု အရှိန်မြှင့်တင်ရန်အတွက် သက်ဆိုင်ရာအစိုးရ ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်း ပါဝင်သော ပုဂ္ဂလိကကဏ္ဍများနှင့် နီးကပ်စွာ အလုပ်လုပ်သွားရန် အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

ဌာနအနေဖြင့်လည်း တောင်အာဖရိက၊ ဟောင်ကောင်၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်အစရှိသည့် အဓိကဈေးကွက်များတွင် ဆန်ဈေးကွက်ထပ်မံတိုးချဲ့၍ ရင်းနှီးကျွမ်းဝင်မှု အားကောင်းရန်အတွက် အစီအစဉ်များရှိနေပြီး ကမ္ဘာလုံးဆိုင်ရာဈေးကွက်သို့ ထိုင်းဆန်ကြေညာမြှင့်တင်ရန် များစွာသော ကုန်စည်ပြပွဲများတွင် ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: Bangkok Post**
**မြသူ (DOCA Yangon)**

## အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းဈေးကွက်သို့ ရောင်းချသည့် စားအုန်းဆီပမာဏ သတ်မှတ်ချက် လျှော့ချ

ကမ္ဘာ့စားအုန်းဆီ အများဆုံး တင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံတွင် ပြည်တွင်း စားအုန်းဆီဈေးနှုန်း တည်ငြိမ်စေရန်အတွက် ပြည်တွင်းဈေးကွက်အတွင်း ရောင်းချပေးရန် တာဝန်ရှိမှု (Domestic Market Obligation-DMO) စည်းမျဉ်းများ တစ်နည်းအားဖြင့် ပြည်တွင်း စားအုန်းဆီ ထုတ်လုပ်မှုပမာဏအပေါ် မူတည်၍ ပြည်တွင်းသုံးစွဲမှုနှင့် တင်ပို့မှုပမာဏ အချိုးအစား သတ်မှတ်သည့် စည်းမျဉ်းကို ၂၀၂၂ ခုနှစ် ဧပြီလကပင် စတင်ကျင့်သုံးခဲ့သည်။ အဆိုပါ DMO အစီအစဉ်အရ စားအုန်းဆီ ထုတ်လုပ်သူများအနေဖြင့် ပို့ကုန်ပါမစ် ရရှိရေးအတွက် ၎င်းတို့၏ စားအုန်းဆီထုတ်လုပ်မှုမှ တစ်စိတ်တစ်ပိုင်းကို ပြည်တွင်းဈေးကွက်သို့ ကန့်သတ်ထားသည့် ဈေးနှုန်းတစ်ရပ်ဖြင့် ရောင်းချပေးရမည်ဖြစ်ပြီး ပြည်တွင်း၌ ရောင်းချပေးသော စားအုန်းဆီပမာဏ၏ လေးဆကို တင်ပို့ခွင့်ခွဲတမ်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ယခုအခါတွင် အင်ဒိုနီးရှား အစိုးရသည် DMO အစီအစဉ်အရ စားအုန်းဆီ ထုတ်လုပ်သူများက ပြည်တွင်း၌ ရောင်းချပေးရမည့် စားအုန်းဆီပမာဏအား လျှော့ချသတ်မှတ်လိုက်ကြောင်းနှင့် ပြည်တွင်း၌ ရောင်းချသူများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် ပြည်တွင်းဈေးကွက်ဆိုင်ရာ မူဝါဒအရ ပြည်တွင်းဈေးကွက်သို့ ရောင်းချရမည့်ဈေးနှုန်းအား တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း S&P Global သတင်းဌာန၏ ရေးသားဖော်ပြချက်အရ သိရသည်။

DMO အစီအစဉ်အရပြည်တွင်း ဈေးကွက်သို့ ရောင်းချရန် လျာထားသည့် စားအုန်းဆီပမာဏမှာ ယခင်က တစ်လလျှင် တန်ချိန် ၃၀၀၀၀၀ သတ်မှတ်ထားခဲ့သော်လည်း ယခုအခါတစ်လလျှင် တန်ချိန် ၂၅၀၀၀၀ သာရောင်းချပေးရန် သတ်မှတ်ထားကြောင်း၊ စားအုန်းဆီ ထုတ်လုပ်သူများက ပြည်တွင်း၌ ရောင်းချပေးရမည့်ပမာဏ ကျဆင်းသွားကြောင်း၊ ယခုအစီအစဉ်သည် ဩဂုတ် ၁၄ ရက်မှစ၍ အသက်ဝင်ခဲ့ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး Mr. Zulkifli Hasan က ပြောကြားသည်။


အခြေခံလူတန်းစား ပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချသည့် Minyakita အစီအစဉ်အရ ယခင်က စားအုန်းဆီ အခြေခံဈေးနှုန်းသည် တစ်လီတာလျှင် အင်ဒိုနီးရှားရူပီး ၁၄၀၀၀ (တစ်လီတာလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉ အမေရိကန်ဒေါ်လာ) ရှိခဲ့ရာမှ ဩဂုတ် ၁၄ ရက်မှ စတင်၍ တစ်လီတာလျှင် ရူပီး ၁၅၇၀၀ (အမေရိကန်တစ်ဒေါ်လာ) ဖြင့် တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။


စားအုန်းဆီကြမ်း ဈေးနှုန်းသည် ဩဂုတ် ၁၆ ရက်တွင် တစ်တန်လျှင် FOB ဈေးနှုန်း (သဘော်တင်ဈေးနှုန်း) အမေရိကန်ဒေါ်လာ ၉၄၇ ဖြစ်ပြီး ၃ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ကမ္ဘာ့ကုန်ပစ္စည်းဈေးနှုန်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့ (S&P Global Commodity Insights) ၏ အဖွဲ့တစ်ခုဖြစ်သော Platts အဖွဲ့က ဖော်ပြကြောင်း သိရသည်။

**Source: S&P Global**
**D Thi, DOCA**


HUBAZ
Powerful Resources, Secure the Future
Empowering Growth Together with Our Valuable Services
Renewable Energy Solutions
Freight Forwarding
International Logistics
Investment Firm & Partner
Business Investment Consultation
Land Utilisation & Integration
Travel Services Global
A-6 Pearl Condo Building, Corner of Sayasan Road, Bahan Tsp, 11201 Yangon Myanmar
www.hubazgroup.com
+959 968 746 100
operation@hubazgroup.com


AGROCORP
TVS
2 YEAR


KSD LIGHTER MYANMAR DISTRIBUTION
KSD
MODERN SALES DISTRIBUTION
Contact Us


HOW TO CHOOSE THE BEST ACCOUNTING FIRM IN MYANMAR?
" We're here for you"
Contact us!
Ph no : 09973723205
Email : spfinance@synergyplusconsulting.com
Website : http://synergyplusconsulting.com

# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ခုနှစ် နှင့် ၂၀၂၄ခုနှစ် ဩဂုတ် ၂၉ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၄၆၅၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၈၈၅၀၀၀ သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၈၈၉၂၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၅၅၃၇၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၃၅၀၀၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၅၀၅၀၀၀၀ သို့လည်းကောင်း၊ ပဲလွန်းဖြူအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၅၁၂၆၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၈၅၉၉၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက်ပျိုး သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ်တို့၏ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့်ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**


၂၉.၈.၂၀၂၄

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၃ခုနှစ်နှင့် ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၃ (ဩဂုတ်) | ၂၄၆၅၀၀၀ | ၁၈၈၉၂၀၀ | ၃၅၀၀၀၀၀ | ၁၅၁၂၆၀၀ |
| ၂ | ၂၀၂၄ (ဩဂုတ်) | ၃၈၈၅၀၀၀ | ၂၅၅၃၇၀၀ | ၅၀၅၀၀၀၀ | ၂၈၅၉၉၀၀ |

ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ် တို့၏ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။




SWTun(Domestic YGN TC)

# ပြည်ပပို့ကုန် အမယ်သစ် ရဲယိုထန်းရည် ရှလကာရည်

သဘာဝဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်သော ရဲယိုပင်သည် ကျန်းမာရေးအတွက် များစွာအကျိုးပြုလေသည်။ အထူးသဖြင့် ရဲယိုသီး၊ ရဲယိုရွက်များသည် သဘာဝအတိုင်းစားသုံးခြင်း၊ ရောစပ်ပြုပြင်၍ ဆေးအဖြစ် ပြုပြင်စားသုံးခြင်းများဖြင့် ကျန်းမာရေး ကောင်းကျိုးများစွာ ရရှိနိုင်သည်။

ရဲယိုသီး၊ ရဲယိုရွက်များနှင့်ပတ်သက်၍ ထင်ရှားစွာ သက်သာစေသော ရောဂါဝေဒနာများမှာ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းများကို လျော့ကျစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ ကျန်းမာစေသည့်ဆဲလ်များကို ပိုမိုထုတ်လုပ်နိုင်ပြီး အကျိုးမပြုသည့် ဆဲလ်များကို သေစေနိုင်ခြင်း၊ ကင်ဆာဆဲလ်များကို ဟန့်တားစေနိုင်ခြင်း၊ အကြောအားနည်းပြီး အရိုးအဆစ်ရောင်ရမ်းခြင်းနှင့် ကျီးပေါင်းရောဂါ ခံစားမှုများကို ပျောက်ကင်း သက်သာစေခြင်း၊ ချောင်းဆိုး၊ ပန်းနာရင်ကြပ်ရောဂါများ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးသွန်ရောဂါများ ပျောက်ကင်းစေခြင်း၊ နှာခေါင်းသွေးလျှံခြင်းနှင့် လေဖြတ်ခြင်းတို့မှ ကာကွယ်ပေးခြင်း၊ အိုမင်းရင့်ရော်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုကို လျှော့ချပေးခြင်း အစရှိသည့် ရောဂါများအပြင် အခြားရောဂါများစွာကိုလည်း ပျောက်ကင်းသဖြင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာ ရရှိသည်။

ရဲယိုသီးနှင့် ရဲယိုရွက်ကို ပုံစံမျိုးစုံနှင့် သဘာဝအတိုင်း စားသုံးကြသည့်အပြင် ပိုမိုလွယ်ကူစွာ စားသုံးနိုင်ရန် ရဲယိုသီးဖျော်ရည်၊ ရဲယိုသီးဆေးတောင့်၊ ရဲယိုပျားရည် စသည်ဖြင့် နည်းပညာများနှင့် ပေါင်းစပ်အသုံးပြု၍ ထုတ်လုပ်လာကြသည်။ ယခုအခါ ပြည်တွင်းစားသုံးမှု သာမက ပြည်ပသို့ တင်ပို့နိုင်သည့် ရဲယိုထန်းရည် ရှလကာရည်အကြောင်း ရေးသားလိုက်ရပါ သည်။


ရဲယိုထန်းရည် ရှလကာရည်ကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ စက်ရုံမှ ထုတ်လုပ်ခြင်းဖြစ်ပြီး သဘာဝအတိုင်း ရရှိသော ပစ္စည်းများနှင့် ပြုလုပ်ထားပြီး အရက်၊ သကြား လုံးဝ အသုံးမပြုထားကြောင်း သိရသည်။ ရဲယိုထန်းရည် ရှလကာရည်




မှာ သဘာဝအတိုင်းရသော ထန်းရည်စစ်စစ်နှင့် ရဲယိုသီးများကို ပေါင်းစပ်ရောနှောခြင်း ဖြစ်သည်။ ပထမဦးစွာ ထန်းရည်များနှင့် ရဲယိုသီးများကို စုဆောင်းရသည်။ ထန်းရည်များကို အရည်အသွေးပြည့်မီစေရန် စစ်ဆေးပြီး သန့်စင်ထားသော ဆေးရည်များကို ပိုးသတ်ထားသော စဉ့်အိုးများထဲသို့ထည့်၍ သုံးလခန့်ကြာအောင်ထားပြီး အချဉ်ဖောက်ရသည်။ ထိုနည်းတူစွာ ရဲယိုသီးများကိုလည်း သန့်စင်အောင်ပြုလုပ်၍ စဉ့်အိုးများတွင် ထည့်ပြီး သုံးလခန့်ကြာအောင် ထားရသည်။ ထို့နောက် ထိုနှစ်မျိုးကို ရောစပ်ကာ စဉ့်အိုးများကို အလုံပိတ်၍ အချိန် ခြောက်လခန့်ကြာအောင် သိုလှောင်ပြီး သဘာဝနေရောင်ပြရသည်။ နေရောင်ခြည်ကို မပြင်းလွန်း၊ မနိမ့်လွန်းစေရန် သစ်ရိပ် ဝါးရိပ်များနှင့် အပူချိန်ကို သဘာဝအတိုင်း ထိန်းညှိထားခြင်းဖြစ်သည်။ စုစုပေါင်းအချိန် ကိုးလကြာပြီးနောက် ကိုရီးယားနည်းပညာဖြင့် ပေါင်းစပ်၍ ရဲယိုထန်းရည် ရှလကာရည်ကို ထုတ်လုပ်သည်။

ကျန်းမာရေးဓာတ်စာအဖြစ် လူသားအကျိုးပြု ရည်ရွယ်ထုတ်လုပ်သော ရဲယိုထန်းရည် ရှလကာရည်မှာ ဥပဒ်ဖြစ်စေသော ဘေးထွက်ဆိုးကျိုးမပါရှိဘဲ ခန္ဓာကိုယ်အတွင်းရှိ အစာများထဲမှ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး သွေးလည်ပတ်မှုကောင်းစေ၍ အိပ်ကောင်းခြင်း၊ အစာချေခြင်းကို ကူညီပေးခြင်း၊ ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးခြင်း၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကို ထိန်းပေးခြင်း၊ ကိုလက်စထရောအဆီ ကျစေခြင်း၊ အာဟာရဓာတ်များစွာ ပါဝင်စေခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို လျှော့ချပေးခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများကို ရရှိစေသည်။

ယခုအခါ ရဲယိုထန်းရည်ရှလကာရည်မှာ ပြည်တွင်းစားသုံးခြင်းသာမက ပြည်ပသို့ပါ တင်ပို့နေပြီဖြစ်သည်။ ပထမဆုံးအနေဖြင့် ကိုရီးယားနိုင်ငံသို့ စတင် တင်ပို့နေပြီဖြစ်ကြောင်း သိရှိရသည်။ CJ




# IPO အခြေခံ သဘောတရားများ (၃)

(ယာမင်းစံနေဦး)

## Financial Printer

IPO လုပ်ငန်းစဉ်သည် စာရွက်စာတမ်း အမြောက်အမြား သုံးစွဲရသည့်လုပ်ငန်းဖြစ်သည်။လုပ်ငန်းအလားအလာ ညွှန်းတမ်း (Prospectus) တစ်အုပ်သည်ပင်လျှင် စာမျက်နှာ ၃၀၀ မှ ၄၀၀ အကြားတွင်ရှိသည်။ အများပြည်သူကို ကမ်းလှမ်းရောင်းချမည့် ပမာဏအပေါ် မူတည်၍ လုပ်ငန်းအလားအလာ ညွှန်းတမ်း စာအုပ် ထောင်ပေါင်းများစွာကို ပြည်တွင်းနှင့် နိုင်ငံအနှံ့သို့ ပို့ဆောင်ကြရသည်။ အဆိုပါ လုပ်ငန်းအလားအလာ ညွှန်းတမ်း စာအုပ်ပုံနှိပ်ရန် အချိန်အနည်းငယ်သာ ကြိုတင်သိရှိရသည်။ အမှားအယွင်းကင်းစေရန်လည်း ဆောင်ရွက်ရသလို SEC ၏ သတ်မှတ်ချက်များဖြစ်သည့် စာလုံးအရွယ်၊ ပုံသဏ္ဍာန်၊ အရောင်အစရှိသည်များအတိုင်းလည်း ပုံနှိပ်ရသဖြင့် အနည်းငယ်မျှသော အထူးပြု ပုံနှိပ်တိုက်များကသာ ယင်းကို ဆောင်ရွက်နိုင်ကြသည်။

## Public Relation Firms

အများပြည်သူသို့ ရှယ်ယာကမ်းလှမ်း ရောင်းချရာတွင် ပြည်သူ့ဆက်ဆံရေးအဖွဲ့ (Public Relation Firm, PR) များ၏ အခန်းကဏ္ဍမှာ အရေးပါသည့်နေရာတွင်ရှိသည်။ စင်စစ် PR တို့သည် ရင်းနှီးမြှုပ်နှံသူတို့ဆွဲဆောင်မှု ရှိစေရေးအတွက် အစွမ်းထက်သည့် လက်နက်များဖြစ်သည်။ ယခုအခါ ကုမ္ပဏီပေါင်းများစွာသည် အများပိုင်ကုမ္ပဏီများအဖြစ် ပြောင်းနေကြရာ ၎င်းတို့သည် အများပြည်သူနှင့် မီဒီယာများ၏ ဆွဲဆောင်မှု ရရှိရေးအတွက် ကြိုးပမ်းကြရသည်။ ကောင်းမွန်သည့် PR မရှိပါက IPO သည် လူအများကြားတွင် ကွယ်ပျောက်သွားမည်ဖြစ်သည်။

သို့သော်လည်း အများစုမှာ ငွေရေးကြေးရေးကိစ္စဖြစ်သောကြောင့် SEC တွင် လူထုဆက်ဆံရေးနှင့်ပတ်သက်၍ လမ်းညွှန်ချက်များထားရှိသည်။ ကုမ္ပဏီအနေနှင့် လုပ်ငန်းအလားအလာ ညွှန်းတမ်းတွင်ပါဝင်သော အရာများနှင့် သွေဖည်ကာ ဖွင့်ဟကြေညာခြင်းမပြုလုပ်ရပါ။ အကယ်၍ ချိုးဖောက်ခဲ့ပါက ကုမ္ပဏီအနေဖြင့် ပြင်းထန်သည့် အကျိုးဆက်များခံစားရနိုင်ပြီး SEC အနေနှင့် အများပြည်သူသို့ ကမ်းလှမ်းခြင်းများကို ရပ်ဆိုင်းနိုင်သည်။ ပြည်သူ့ဆက်ဆံရေးအဖွဲ့များသည် IPO ကမ်းလှမ်းခြင်းလုပ်ငန်းတွင် ကျွမ်းကျင်သူများဖြစ်သဖြင့် စည်းမျဉ်းများကို နားလည်ပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အဖွဲ့အစည်းများ၊ သုတေသနပြုသူများနှင့် စတော့ဝယ်ရောင်းသမားများ (market maker) ထံသို့ မှန်ကန်သည့် သတင်းအချက်အလက်ကို မည်သို့ပို့ဆောင်ရမည်ကို နားလည်ကြသည်။

ကံမကောင်းစွာပင် အချို့သော ကုမ္ပဏီများသည် အခြေအနေမှန်ကို ဖုန်းကွယ်ရန် PR များကို အသုံးချကြသည်။ ဤကဲ့သို့ လွဲမှားသည့် သတင်းအချက်အလက်များကို တစ်ခါတစ်ရံ အမည်မသိကုမ္ပဏီများ၏ မထင်မရှား ရှယ်ယာကမ်းလှမ်းမှုများတွင် တွေ့ရှိရသည်။ သို့အတွက်ကြောင့် အမြော်အမြင်ကြီးသည့် ရင်းနှီးမြှုပ်နှံသူများအနေနှင့် သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည့် အချက်များအပေါ် သံသယဖြင့် ကြည့်ကြသည်။ ယင်းအစား လုပ်ငန်းလမ်းညွှန်စာတမ်းပါ အချက်များကို ဂရုစိုက်ကြည့်သင့်သည်။

ထွန်းသက်ထွန်း

## Transfer Agent/Registrar

Transfer Agent ၏ တာဝန်မှာ ရှယ်ယာရှင်တို့၏ သတင်းအချက်အလက်များကို ထိန်းသိမ်းရန်ဖြစ်သည်။ ဥပမာ- ရှယ်ယာရှင်တို့၏ အမည်၊ လိပ်စာ၊ လူမှုဖူလုံရေးအမှတ်စဉ်နှင့် ရှယ်ယာရှင်တစ်ဦးချင်းစီ ဝယ်ယူထားသည့် ရှယ်ယာအရေအတွက်တို့ ပါဝင်သည်။ IPO လုပ်ချိန်တွင် Transfer Agent တို့သည် စတော့ဝယ်ယူခွင့် ရရှိပြီးသူများသို့ စတော့လက်မှတ်များ လွှဲပြောင်းပေးအပ်သည်။ စတော့များ ဈေးကွက်တွင် ရောင်းဝယ်သည့်အခါတွင်မူ Transfer Agent သည် အရောင်းအဝယ် ဖြစ်မှုများအပေါ်တွင် လွှဲပြောင်းမှုများကို ဆောင်ရွက်သည်။ Registrar သည် အရောင်းအဝယ်ပြုလုပ်မှုတိုင်းတွင် မှန်ကန်သော စာရင်းလွှဲပြောင်းမှုများ ရှိ၊ မရှိကို စိစစ်ပေးသည်။ ထို့အပြင် ရှယ်ယာလက်မှတ်များ ပျက်စီးခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပျောက်ဆုံးခြင်းများကိုလည်း မှတ်တမ်းတင်ရသည်။ ကုမ္ပဏီသည် ထုံးစံအားဖြင့် ပြင်ပမှ အဖွဲ့များ (အထူးသဖြင့် ဘဏ်များ) ကို ငှားရမ်းကာ Transfer Agent အဖြစ် ဆောင်ရွက်စေသည်။ ကိစ္စအတော်များများတွင် အဖွဲ့များသည် Transfer Agent နှင့် Registrar တို့ကို ပူးတွဲတာဝန်ထမ်းဆောင်ကြသည်။

## Underwriter

ရှယ်ယာများကို ဦးဆောင်ရောင်းချပေးသူ Managing Underwriter တို့သည် အများပြည်သူသို့ ရှယ်ယာကမ်းလှမ်းရောင်းချရေး IPO လုပ်ငန်းစဉ်တွင် အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။ Underwriter လုပ်ငန်းကိုစီမံခန့်ခွဲသူများမှာ ရင်းနှီးမြှုပ်နှံမှုဘဏ်များဖြစ်သည်။ ၎င်းတို့သည် ကမ်းလှမ်းရောင်းချမည့် ရှယ်ယာဈေးနှုန်းသတ်မှတ်ခြင်း၊ လုပ်ငန်းအလားအလာ ညွှန်းတမ်း ပြင်ဆင်ခြင်းနှင့် အခြားသော စာရွက်စာတမ်းများ ပြင်ဆင်ခြင်းနှင့် Due Diligence လုပ်ငန်းများကိုဆောင်ရွက်ပေးသည်။ အထူးသဖြင့် ရှယ်ယာကမ်းလှမ်း ရောင်းချရာတွင် ဝယ်ယူမည့် ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေပေးရသည်။

ကိစ္စအတော်များများတွင် Underwriter များသည် IPO လုပ်ငန်းများပြီးစီးသွားသည့်တိုင် ကုမ္ပဏီ၏အတွက် ဝန်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ပေးသည်။ ဥပမာ-Underwriter တို့သည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအသစ်အတွက် ကုမ္ပဏီများ ပေါင်းစည်းရေး၊ ဝယ်ယူရေး(Merger and Acquisition) ကိစ္စများ၊ ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချရေးကိစ္စရပ်များကို ဆောင်ရွက်ပေးသည်။ Managing Underwriter တို့သည် Syndicate အုပ်စုများကို ဖွဲ့စည်းပြီး ရှယ်ယာများကို အများပြည်သူသို့ ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ကြသည်။ Syndicate ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ တာဝန်ခံ ယူမှုကိုမျှဝေရန်ဖြစ်ပြီး အကယ်၍ ရှယ်ယာရှင်များမှ တရားစွဲပါက တာဝန်ခံယူမှုကို အဖွဲ့အသီးသီးသို့ ပျံ့နှံ့သွားစေရန်ဖြစ်သည်။

Underwriter တို့၏ အရေးပါပုံကို ချဲ့ကားရေးသားရန်ခက်ခဲသည်။ မှန်ကန်သည့် Underwriter ရရှိရေးဆိုသည်မှာ အောင်မြင်သည့် IPO နှင့် မအောင်မြင်သည့် ကမ်းလှမ်းရောင်းချရေးအကြား ခြားနားချက်ကို ဆိုလိုသည်။ သို့အတွက် သင့်အနေနှင့် ကမ်းလှမ်းရောင်းချသည့် ရှယ်ယာများကို မဝယ်ယူမည် Underwriter ကို မည်သည့်အဖွဲ့က ဆောင်ရွက်သည် ဆိုသည်ကို အရင်လေ့လာရန် လိုအပ်သည်။ စိတ်ဝင်စားစရာကောင်းသည့် အချက်မှာ Underwriting လုပ်ငန်းသည် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (Securities Company) တစ်ခုအတွက် အရေးပါသည့် ဝင်ငွေအရင်းအမြစ်ဖြစ်သည်။

## IPO လုပ်ငန်းစဉ် အဆင့်များ

IPO လုပ်ငန်းစဉ်သည် ကုမ္ပဏီအားလုံးအတွက် အတူတူပင်ဖြစ်သည်။ ဤသို့လုပ်ဆောင်ရာတွင် အစိုးရတစ်ရပ်၏ ရှင်းလင်းတိကျသည့် စနစ်များကို အခြေခံရသည်ကို သတိပြုပါ။ ၎င်းတို့က ကုမ္ပဏီတစ်ခုအတွက် လိုအပ်သည့် ထုတ်ဖော်ကြေညာချက်များနှင့် ညီညွတ်စေရေးအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ အိုင်ပီအိုအစီအစဉ်သည် အနည်းဆုံး ခြောက်လမှ ၁၂ လ အထိကြာမြင့်သဖြင့် ဤလုပ်ငန်းစဉ်ကို မြန်နိုင်သမျှ မြန်စေရေးအတွက် အနည်းဆုံး သင်၏ကုမ္ပဏီကို အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် အဆင်သင့်ဖြစ်နေစေရန် ဆောင်ရွက်ထား၍မည်ဖြစ်သည်။

အချို့သော ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲများကျင်းပကာ အကျိုးတူရန်ပုံငွေအဖွဲ့များ၊ Hedge Fund များ၊ အဓိကရင်းနှီးမြှုပ်နှံသူများအား ကုမ္ပဏီ၏ အကြောင်းခြင်းရာများကို ချပြလေ့ရှိသည်။ တချို့ပွဲများတွင် အဓိကရင်းနှီးမြှုပ်နှံသူအချို့သို့ပင် ရှယ်ယာများ private transaction နည်းဖြင့် အရောင်းအဝယ်ဖြစ်သွားသည်လည်းရှိသည်။

## လုပ်ငန်းများစစ်ဆေးအကဲဖြတ်မှု (due-diligence) ပြုလုပ်ခြင်း

မှတ်ပုံတင်စာရင်းသွင်းရန် စာရွက်စာတမ်းများ ပြင်ဆင်ခြင်းသည် အချိန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခုမှာ ကျယ်ပြန့်လှသည့် လုပ်ငန်းများ စစ်ဆေးအကဲဖြတ်မှု Due Diligence ပင်ဖြစ်သည်။ ဤအဆင့်သည် ကုမ္ပဏီ၏ရှယ်ယာများကို တာဝန်ခံရောင်းချပေးမည့် Underwriter များအတွက် လွန်စွာအရေးကြီးသည့် အဆင့်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလုပ်ငန်းစဉ်တစ်ခုခုတွင် အမှားအယွင်း၊ ထိန်ချန်မှုတစ်ခုခု ပါဝင်သွားပါက Underwriter များအတွက် ပေးလျော်ရမည့်တာဝန် ရှိသောကြောင့်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဤလုပ်ငန်းစဉ်တစ်လျှောက်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် SEC ၏ လိုအပ်ချက်များကို ပြင်ဆင်ရသဖြင့် အသုံးဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။

Due Diligence တွင် ပါဝင်သည့် အဓိကလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- လုပ်ငန်းအား သုတေသနပြုလုပ်ခြင်း၊
- ထိပ်တန်း အရာရှိများနှင့် ဒါရိုက်တာများနောက်ကြောင်းများကို စစ်ဆေးခြင်း၊
- ကုန်စည် ထောက်ပံ့ပို့ဆောင်သူများနှင့် ဖောက်သည်များနှင့် တွေ့ဆုံခြင်း၊
- ဆိုင်းငံ့ထားသော (သို့) ဖြစ်နိုင်ခြေရှိသော တရားစွဲဆိုမှုများ ရှိ၊ မရှိ အကဲဖြတ်ခြင်း၊
- ကော်ပိုရိတ်သတင်းအချက်အလက်များဖြစ်သည့် ပြဋ္ဌာန်းချက်များ၊ ရှယ်ယာရှင် သဘောတူညီချက်များ၊ အစည်းအဝေးမှတ်တမ်းများနှင့် စာချုပ်စာတမ်းများကို စိစစ်ခြင်း၊
- လျော်ကြေးအစီအစဉ်များ
- ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့်များကို စိစစ်ခြင်း။

**Source: Investment Guide Book**


Royal-D
ချွေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ် – ဒီ သာ
အကောင်းဆုံး
Royal-D


ZECUF*
Relieves cough. Soothes throat.
လည်ချောင်းနာခြင်း ချောင်းဆိုးခြင်း
လျှင်မြန်ထိရောက် ဇီးကပ်(ဖ်) သောက်
ZECUF
Manufactured by: Unique Pharmaceutical Laboratories


OUR BRAND
Manufactured by
Global Good Pure Group Co., Ltd
DIAMOND
VEGETABLE COOKING OIL
HALAL
MYANMAR
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
GLOBAL
KALING THANT
HALAL
MYANMAR
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
HALAL
MYANMAR
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
VEGETABLE
COOKING OIL
HALAL
MYANMAR
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.

COMMERCE
INTERNATIONAL

# နယ်သာလန်နိုင်ငံက စွမ်းရည်မြင့် လျှပ်စစ်လေယာဉ် ထုတ်လုပ်မည်

နယ်သာလန်နိုင်ငံမှ Elysian ကုမ္ပဏီက ခရီးသည် ၉၀ တင်ဆောင်နိုင်ပြီး မိုင် ၅၀၀ အထိ ပျံသန်းနိုင်သည့် E9X လျှပ်စစ်လေယာဉ်ကို တီထွင်ထုတ်လုပ်နိုင်တော့မည် ဖြစ်ကြောင်း Airport Technology သတင်းဌာနက ဩဂုတ် ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ယနေ့ခေတ်တွင် ကမ္ဘာပေါ်၌ လျှပ်စစ်မော်တော်ကားများစွာ ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်သော်လည်း လျှပ်စစ်လေယာဉ်များကိုမူ များများစားစား တီထွင်ထုတ်လုပ်နိုင်မှု မရှိသေးပေ။ လျှပ်စစ်မော်တော်ကားများ ထုတ်လုပ်ရာတွင် လွယ်ကူမှုရှိမည် ဖြစ်သော်လည်း လျှပ်စစ်လေယာဉ်များကို တည်ဆောက်ရာတွင်မူ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ရမည်ဖြစ်သည်။




နည်းပညာထွန်းကားသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် နယ်သာလန်နိုင်ငံမှ Elysian ကုမ္ပဏီသည် စွမ်းရည်မြင့်မားသော E9X လျှပ်စစ်လေယာဉ်ကို တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။ Elysian ကုမ္ပဏီမှ တည်ဆောက်မည့် လေယာဉ်သည် အရွယ်အစား ကြီးမားသည့် လျှပ်စစ် လေယာဉ်ဖြစ်ပြီး ခရီးသည် စုစုပေါင်း ၉၀ ကို တင်ဆောင်နိုင်မည်ဟု ဆိုသည်။

အဆိုပါ လျှပ်စစ်လေယာဉ်သည် အားအပြည့် သွင်းထားပါက မိုင် ၅၀၀ (၈၀၅ ကီလိုမီတာ) မောင်းနှင် ပျံသန်းနိုင်မည်ကြောင်းနှင့် နောက်ဆယ်စုနှစ်အတွင်း စီးပွားဖြစ်ပြေးဆွဲနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။ ယင်းလေယာဉ်သည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှင့်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

E9X လျှပ်စစ် လေယာဉ်၏ တောင်ပံအရှည်မှာ ၁၃၈ ပေ(၄၂ မီတာ) ရှိကြောင်း၊ ယင်းမှာ Boeing 737 နှင့် Airbus A320 ထက်ပင် ပိုမိုကြီးမားကြောင်း၊ Elysian ကုမ္ပဏီက သုံးနှစ်အတွင်း နမူနာ မော်ဒယ်နှင့် ၂၀၃၀ ပြည့်နှစ်တွင် စွမ်းရည်ပြည့် မော်ဒယ်ကို တည်ဆောက်ပျံသန်းနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ E9X လျှပ်စစ် လေယာဉ်၏ အကောင်းဆုံး အားသာချက်က လေယာဉ်ကို အားအပြည့်သွင်းရန် အချိန် ၄၅ မိနစ်သာ ကြာမြင့်မည်ဖြစ်ပြီး လျှပ်စစ်လေယာဉ် ဖြစ်ခြင်းကြောင့် အသံဆူညံမှု မရှိသကဲ့သို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှင့်မှုလည်း မရှိကြောင်း သိရသည်။

**Source; Airport Technology**

စိုင်းဗညား - စုစည်းသည်




## အေအိုင်ချစ်ပ်ကုမ္ပဏီ Nvidia ရှယ်ယာများ ကျဆင်း

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာကလဲရားအခြေစိုက် ဉာဏ်ရည်တု (AI) ချစ်ပ်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Nvidia သည် ရောင်းအားကောင်းလာသော်လည်း ရှယ်ယာများ ကျဆင်းသွားခဲ့ကြောင်း ဘီဘီစီသတင်းဌာန၏ ဩဂုတ် ၂၉ ရက်တွင် ရေးသားဖော်ပြချက်အရ သိရသည်။ Nvidia သည် ၂၀၂၄ ခုနှစ် သုံးလတာကာလအတွင်း စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ (ပေါင် ၂၄ ဒသမ ၇ ဘီလီယံ) ရရှိခဲ့ကြောင်း ကြေညာခဲ့သော်လည်း တစ်ဖက်တွင် ရှယ်ယာများ ကျဆင်းခဲ့သည်ဟု ဆိုသည်။

Nvidia ကုမ္ပဏီသည် AI boom ၏ အကြီးမားဆုံး အကျိုးခံစားခွင့်များအနက် တစ်ခုဖြစ်ပြီး ၎င်း၏ စတော့ဈေးကွက်တန်ဖိုးသည် ဒေါ်လာ ၃ ထရီလီယံကျော်အထိ မြင့်တက်လာခဲ့သည်။ သို့သော် Nvidia သည် အံ့မခန်းသော ရောင်းအားတိုးတက်မှု ရှိခဲ့သော်လည်း နောက်ဆုံးရလဒ်များအရ တိုးတက်မှုနှုန်းသည် နှေးကွေးလာသည်ဟု Panmure Liberum မှ သုတေသနအကြီးအကဲ Simon French က ပြောကြားခဲ့သည်။ ဈေးကွက် အကဲခတ်သူများက လာမည့် သုံးလတာကာလအတွင်း ရောင်းအားမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇ ဘီလီယံအထိ တိုးလာမည်ဟု ခန့်မှန်းထားကြသည်။

Nvidia ၏ ရောင်းအားမှာ သိသိသာသာ တိုးတက်လာသော်လည်း ၎င်း၏ရှယ်ယာဈေးမှာ နယူးယောက်တွင် နာရီပိုင်းအတွင်း ၆ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟုဆိုသည်။ Hargreaves Lansdown မှ အကြီးတန်း အစုရှယ်ယာ ခွဲခြမ်းစိတ်ဖြာသူ Matt Britzman က Nvidia ၏ ရောင်းအားမှာ စိတ်ဝင်စားစရာ ကောင်းနေပြီး ရှယ်ယာတန်ဖိုးကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

Nvidia ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Jensen Huangu Generative AI သည် စက်မှုလုပ်ငန်းတိုင်းကို ပြောင်းလဲစေနိုင်လိမ့်မည်ဟု ပြောခဲ့သည်။ Hopper ဟုခေါ်သော ၎င်း၏ လက်ရှိ AI ချစ်ပ်ပြားသည် ရောင်းအားကောင်းနေချိန်တွင် Blackwell ချစ်ပ်များသည် ထုတ်လုပ်မှု နှောင့်နှေးခြင်းများနှင့် ရင်ဆိုင်နေရပြီး နာရီပေါင်းများစွာ ကြာပြီးနောက် Wall Street စတော့ရှယ်ယာများ ရောင်းချရသည့် အကြောင်းရင်းတစ်ခုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ၎င်းက ပြောခဲ့သည်။

**Source; BBC**

# အီးဗွီအခွန် စည်းကြပ်ပြီးနောက် အီးယူထုတ်ကုန်များအပေါ် တရုတ်နိုင်ငံ စုံစမ်းစစ်ဆေးမှုများပြုလုပ်

တရုတ်နိုင်ငံထုတ် အီးဗွီ မော်တော်ကားများအပေါ် အခွန်စည်းကြပ်ပြီးနောက် အီးယူ ထုတ်ကုန်များအပေါ်ကိုလည်း တရုတ်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂမှ တင်သွင်းလာသော နို့ထွက်ပစ္စည်းများအတွက် စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့ပြီး ဘရပ်ဆဲလ်မှ ပြန်လည်ပြင်ဆင်သည့် ဆုံးဖြတ်ချက်မူကြမ်းကို ထုတ်ပြန်ပြီးနောက် တစ်ရက်အကြာတွင် တရုတ်နှင့် အီးယူတို့၏ တင်းမာမှုများက မြင့်တက်လာခဲ့သည်။

ဩဂုတ် ၂၈ ရက်တွင် တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြေညာထားသော နို့ထွက်ပစ္စည်းဆိုင်ရာ ထောက်ပံ့ကူညီမှု တိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုတွင် လူသားများစားသုံးရန် ရည်ရွယ်ထားသည့် ဒိန်ခဲ၊ နို့နှင့် ခရင်မ်အမျိုးမျိုးကို အဓိကထား လုပ်ဆောင်နေကြောင်း သိရသည်။ ထိုသို့ လုပ်ဆောင်ရန်အတွက် တရုတ်နိုင်ငံ၏ နို့ထွက်ပစ္စည်း အသင်းနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအသင်းတို့က ပြည်တွင်းနို့ထွက်ပစ္စည်း လုပ်ငန်းကိုယ်စား ဇူလိုင် ၂၉ ရက်ကပင် တင်ပြတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားခြင်းဖြစ်သည်။

အထူးသဖြင့် ဩစတြီးယားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ အီတလီနိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့မှ ထောက်ပံ့ကြေး အစီအစဉ် ၂၀ ကို တရုတ်နိုင်ငံက စစ်ဆေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီးယူသည် တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး နို့ထွက်ပစ္စည်းအရင်းအမြစ်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် တင်သွင်းမှု စုစုပေါင်းတန်ဖိုး၏ ၃၆ ရာခိုင်နှုန်းရှိသည်။ အီးယူသည် နို့ထွက်ပစ္စည်း ထုတ်ကုန်များတွင် ၂၀၂၃ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ယူရို ၁ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံ) တင်ပို့ခဲ့ကြောင်း ဥရောပကော်မရှင်၏ အချက်အလက်များအရ သိရသည်။

**Source; Reuters**



C